သမဏာနဥ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၂၅ ရက်၊ သောကြာနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၆၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခရိုအေးရှားနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၂၅

၂၀၀၄ခုနှစ် ဇွန်၂၅ရက်၌ ကျရောက်သော ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ စတက်ချ်ပမ်၊မက်စစ်ခ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံစုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်း၌ကျင်းပ တက်ရောက်သည့်ရာခိုင်နှုန်း ၉၇ ဒသမ ၇၁ ရှိ၍ အစည်းအဝေးထမြောက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေး အကြံပြုစာတမ်းများ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ပွင့်ပွင့်လင်းလင်းညှိနှိုင်းဆွေးနွေးခဲ့ အရေးကြီးသောဆွေးနွေးအကြံပြုချက်များပါရှိ၍ ကိုယ်စားလှယ်များလေ့လာ

ရန်ကုန် ဇွန် ၂၄

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမဧည့်ကျင်းပရာ**(အပေါ်ပုံ)** နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ခုဖြစ်သော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် နိုင်ငံရေးပါတီများက ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

စာမျက်နှာ ၆ ကော်လံ ၄ *

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်တို့ကို အချိတ်အဆက်မိမိ ချမှတ်ပေးပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး စသည့် ကဏ္ဍအလိုက် တိုးတက်ဖြစ်ထွန်းရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

ဤသည်မှာ နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများအကြား ကွာဟမှု၊ မြို့ပြနှင့် ကျေးလက်ဒေသအကြား ကွာဟမှု၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ကွာဟနေမှုများကို လျော့နည်းကျဆင်းပြီး ဒေသအားလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြီး တိုးတက်ခိုင်မာရေးအတွက် ဦးတည်ဆောင်ရွက်နေခြင်း ဖြစ်သည်။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ပိုမိုအလေးထားပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

လူ့စွမ်းအားအရင်းအမြစ် ဖြစ်ထွန်းရေးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်း ရေးတွင် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့် တက္ကသိုလ်၊ ကောလိပ်များမရှိသေးသည့် ဒေသများတွင် တက္ကသိုလ်များ၊ ကောလိပ်များ တိုးချဲ့တည်ဆောက် ဖွင့်လှစ်ပေးလျက်ရှိရာ ယခုအခါ တက္ကသိုလ်၊ ကောလိပ် ၁၅၄ ခုအထိ ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်းသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဇွန်လ ၂၁ ရက်နေ့က မကွေးတက္ကသိုလ်သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တာဝန်ရှိသူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင်–

"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အသိပညာရှင်များ၊ အတတ်ပညာရှင်များ အမှန်တကယ် မရှိမဖြစ်လိုအပ်ကြောင်း၊ ထို့ကြောင့် ဒေသအသီးသီးတို့တွင် တက္ကသိုလ်များ၊ ကောလိပ်များ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာတွင် ယင်းအသိပညာရှင်၊ အတတ်ပညာရှင်များကို တက္ကသိုလ်၊ ကောလိပ်များကပင် မွေးထုတ်ပေးရမှာဖြစ်၍ ဆရာကြီး၊ ဆရာမကြီးများ အခန်းကဏ္ဍသည် လွန်စွာအရေးပါလှပါကြောင်း"

ဆွေးနွေးမှာကြားခဲ့သည်။

ဆရာ ဆရာမများသည် ကျောင်းသားကျောင်းသူများအား အသိပညာပိုင်းဆိုင်ရာအပြင် စိတ်ပိုင်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထူးချွန်ထက်မြက်သူများဖြစ်လာစေရန် အလေးထားသင်ကြားပေးရန် လိုအပ်သည်။

နိုင်ငံတော်အပိုင်းကလည်း တက္ကသိုလ်၊ ကောလိပ်များတွင် လိုအပ်သော သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းနှင့် ဆရာ ဆရာမများ ပြည့်စုံရေးကိုလည်း စီမံချက်ဖြင့် အချိန်ကာလနှင့် လိုက်လျောညီစွာ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးဖွားသန့်စင်ပေးသည့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများအနေဖြင့် မိမိတို့ စွမ်းဆောင်နိုင်သမျှ တိုးမြှင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်က ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေးကဏ္ဍတွင် အလိုအပ်ဆုံးဖြစ်သည့် ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များကို အဓိကထား ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ယခင်ကာလက အစွန်အဖျားဒေသများရှိ ကျေးလက်ဒေသများတွင် ပညာရေး၊ ကျန်းမာရေးအခြေအနေများမှာ ချို့တဲ့ခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် နိုင်ငံတော်က ကျေးလက်ဒေသများ၏ ပညာသင်ကြားမှုအတွက် ပညာရေးဝန်ကြီးဌာနက တာဝန်ယူသည့် မူလတန်းကျောင်းများ၊ အလယ်တန်းကျောင်းများဖြစ်လာစေရန် စီမံချက်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျေးလက်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျေးလက်ကျန်းမာရေးဌာနနှင့် တိုက်နယ်ဆေးရုံများကို အသစ်ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်းများ စီမံဆောင်ရွက်ပေးခဲ့သည်။

သို့ဖြစ်ရာ ခေတ်မီနိုင်ငံတော်ဖြစ်ထွန်းရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ ဆရာမများအားလုံးက နိုင်ငံတော်နှင့်အတူ တက်ညီလက်ညီ ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၅-၆-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၂၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၃၀ ၆။ မျိုးချစ်တပ်မတော်
၄း၄၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)မြန်မာစာ (အထူးပြုအားလုံး)
(ခ)ရှေးခေတ်ပုဂံပြည်
၅း၃၀ ၉။ ပညာခေတ်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်ကိုင်အိတ်ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ"**(အပိုင်း–၁၅)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားမားသမား"**(အပိုင်း–၁၃)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဇွန် ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

	အမည်၊ရာထူး၊ဌာန	ခန့်ထားသည့်ရာထူး၊ဌာန
(က)	ဦးကြည်ဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် စက်မှုလယ်ယာဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
(ခ)	ဒေါက်တာအောင်သန်း ဒုတိယပါမောက္ခချုပ် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန	ပါမောက္ခချုပ် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ဒေသခံပြည်သူများနှင့် ရင်းနှီးချစ်ကြည်စွာဆက်ဆံ ဝန်ထမ်းအချင်းချင်း ရိုင်းပင်းကူညီကြ

ရန်ကုန် ဇွန် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၀ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့မှထွက်ခွာလာရာ ကျောက်မဲခရိုင် သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။ (အပေါ်ပုံ) **ယင်းရုံးတွင် ဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် မှာကြားပြီး ဆက်လက်ထွက်ခွာလာရာ ကျောက်မဲခရိုင် ကျောက်မဲမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ညနေပိုင်းတွင် ရောက်ရှိသည်။ အဆိုပါရုံးတွင် ကျောက်မဲတပ်နယ်မှ ဗိုလ်မှူးကြီးအောင်မင်း၊ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းတို့နှင့်အတူ ဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ဆက်လက်ထွက်ခွာလာရာ နောင်ချိုမြို့နယ်ရုံး၊ ထို့မှတစ်ဆင့် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတို့သို့ ညနေပိုင်းတွင် ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားခဲ့သည်။**

သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ ပြင်ဦးလွင်မြို့ရှိ ဝန်ထမ်းများအား တွေ့ဆုံမှာကြားရာတွင် ဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာ၌ သက်ဆိုင်ရာနယ်မြေ အာဏာပိုင်များ၏ ပြန်ကြားရေးဆိုင်ရာ လိုအပ်ချက်များကို ပီပြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ ဒေသခံပြည်သူများနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံ၍ ဝန်ထမ်းအချင်းချင်း ရိုင်းပင်းကူညီကြရေး၊ အခက်အခဲများရှိလျှင်လည်း ဒေသအာဏာပိုင်များထံ တင်ပြပြီး ပံ့ပိုးမှုရယူဆောင်ရွက်ကြရေး၊ အခြားသောဌာနများမှ ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများ လိုအပ်လာလျှင်လည်း ကူညီဆောင်ရွက်ကြရေး မှာကြားခဲ့သည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ အထက်မြန်မာနိုင်ငံ ပုံနှိပ်တိုက်ခွဲ တည်ဆောက်ရေးလုပ်ငန်းသို့ရောက်ရှိပြီး ပုံနှိပ်တိုက်တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များကို စက်ရုံမှူး ဦးတိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က တင်ပြရာ ဒုတိယဝန်ကြီးက စက်ရုံကို အချိန်မီ အရည်အသွေးမီစွာ ပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များ မှာကြားပြီး တည်ဆောက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

သစ်တောရေးရာကိုယ်စားပြု အားကစားသမားများ ဂုဏ်ပြုဆုချီးမြှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်အားပေး၊ ဂုဏ်ပြုဆုများပေးအပ်

ရန်ကုန် ဇွန် ၂၄

၂၀၀၃-၂၀၀၄ခုနှစ်အတွင်း ပြည်တွင်းပြည်ပ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော သစ်တောရေးရာဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုဆုပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆုရအားကစားမောင်မယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးက ဂုဏ်ပြု အမှာစကားပြောကြားပြီး တစ်နှစ်အတွင်း အကောင်းဆုံး အားကစားသမားဆုရ မောင်ရန်လင်းအောင် (ရေကူး)၊ တစ်နှစ်အတွင်း အကောင်းဆုံးအသင်းဆုရ ရေကူးအသင်းတာဝန်ခံ ဦးစိန်ဝင်းတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက အားကစားနည်းအလိုက် အောင်ပွဲရရှိခဲ့သော အားကစားမောင်မယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အားကစားသမားများ ကိုယ်စား ရေကူးအားကစားသမား မောင်ရန်လင်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဝန်ကြီးက အားကစားမောင်မယ်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး ဂုဏ်ပြုညစာဖြင့် ဧည့်ခံသည်။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၀၃-၂၀၀၄ခုနှစ်အတွင်း ပြည်တွင်းပြိုင်ပွဲများ၌ ရွှေ(၁၂၃)ဆု၊ ငွေ(၁၀၁)ဆု၊ ကြေး(၉၃)ဆုနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေ(၁)၊ ငွေ(၇)၊ ကြေး(၉) စုစုပေါင်း ဆုတံဆိပ်(၃၃၄)ခုရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၃-၂၀၀၄ ခုနှစ်အတွင်း ပြည်တွင်းပြည်ပ၌ ပါဝင်ယှဉ်ပြိုင်ခဲ့သော သစ်တောရေးရာ ဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုပွဲတွင် သစ်တောရေးရာ ဝန်ကြီးဌာနဝန်ကြီး အားကစား ဗဟို ကော်မတီနာယက ဗိုလ်မှူးချုပ်သိန်းအောင် က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့် ဖြေဖျော်ဖြေ

ရန်ကုန် ဇွန် ၂၄

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ်ည ၇ နာရီမှ စတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညနေပိုင်းတွင် ဒါရိုက်တာမြတ်တင်အေး ရိုက်ကူးပြီး သရုပ်ဆောင် ရန်အောင်၊ မေသန်းနု၊ ထွန်းထွန်းနိုင်၊ မင်းဦးတို့ ပါဝင်သရုပ်ဆောင်ထားသည့် "ပုဂံမှာသာတဲ့လ"ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ တင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ **(သတင်းစဉ်)**

အဓိဌာန်ဆရာတော် ငွေရတုမွေးနေ့မင်္ဂလာကျင်းပမည်

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကျိုက်အင်းကျေးရွာ အဓိဌာန်ဆရာတော် ဦးသြဘာသ၏ (၂၆)နှစ်မြောက် ငွေရတုမင်္ဂလာသဘင်ကို ဇွန်၂၇ရက် (တနင်္ဂနွေနေ့) တွင် ပူဇော်ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ ဒါယိကာမများ အနေဖြင့် အကျိုးဆောင်အဖွဲ့ ဖုန်း- ၀၉-၈၀-၂၀၇၁၀၊ ၅၇၃၁၁၇၊ ၇၂၂၁၀၉၊ ၂၅၁၂၈၀၊၀၉-၉၉-၂၇၀၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ချုံကျင်းမြို့နှင့် ဆီချွမ်ပြည်နယ် ပြည်ပပို့ကုန်ပစ္စည်းပြပွဲ ခင်းကျင်းပြသရေးသတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံကျင်းမြို့နှင့် ဆီချွမ်ပြည်နယ် ပြည်ပပို့ကုန်ပစ္စည်းပြပွဲခင်းကျင်းပြသရေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့်အဖွဲ့ဝင်သတင်းထောက်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (အောက်ပုံ)

ရှင်းလင်းတင်ပြ

သတင်းစာရှင်းလင်းပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံကျင်းမြို့နှင့် ဆီချွမ်ပြည်နယ် ကုန်သွယ်ရေး ကိုယ်စားလှယ်များဖြစ်ကြသော Mr. Zhou Hong, Mr.Diao Helin နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး စီးပွားရေးသံမှူးကြီး Mr.Tang Hai တို့ကကုန်စည်ပြပွဲခင်းကျင်းပြသခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သတင်းစာဆရာများ၏ မေးမြန်းချက်များကိုတာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကိုရုပ်သိမ်းလိုက်သည်။

ပြသသွားမည်

အဆိုပါပြပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ်မီးရထားစက်ခေါင်း၊ မော်တော်ဆိုင်ကယ်၊ ကုန်တင်ယာဉ်ငယ်၊ လျှပ်စစ်ပစ္စည်းကိရိယာများ၊ စက်ပစ္စည်းအမျိုးမျိုး၊ စက္ကူပစ္စည်းနှင့်သက်ဆိုင်သည့် စက်ကိရိယာများ၊ အထည်အလိပ်နှင့်လယ်ယာသုံးပစ္စည်းကိရိယာများ(ဓာတ်ငွေ့အင်ဂျင်၊ ဒီဇယ်အင်ဂျင်၊ မီးစက်၊ရေစုပ်စက်)၊ ကြမ်းခင်းနှင့်သစ်မာအိမ်အသုံးအဆောင်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာပစ္စည်းများ၊ ဆေးဝါးနှင့်အိမ်သုံးပစ္စည်းများ၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများနှင့် အသေးစားစက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများပြသသွားမည်ဖြစ်သည်။

ရောင်းချသွားမည်

ပြပွဲကို ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာန၌ ဇွန်၂၉ရက်မှ ဇူလိုင်၁ရက်အထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ၅ နာရီအထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြစ်ရေ ကြီးခြင်းသတိပေးချက်

ရန်ကုန် ဇွန် ၂၄

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆း၃၀ နာရီ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၄၆ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာကို ကျော်လွန်ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဇွန်လအတွက် နောက်ဆုံးပတ်

(တနင်္ဂနွေနေ့) (၂၇-၆-၂၀၀၄)ရက်နေ့

၂၀၀၄ ခုနှစ်၊ ဇူလိုင်လအတွက်

(၁၁-၇-၂၀၀၄)ရက်နေ့ နှင့် (၂၅-၇-၂၀၀၄)ရက်နေ့

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ အင်္ဂလိပ်စကားပြောသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၅ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိန်စိန် အဖွင့်အမှာစကား ပြောကြားစဉ်။ (က-ပ)

(၂၃)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေး၊
(၁၁)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့အစည်းအဝေး၊
(၁၁)ကြိမ်မြောက် ခရီးသွားလုပ်ငန်း လူ့စွမ်းအားဖွံ့ဖြိုးမှုလုပ်ငန်းအဖွဲ့အစည်းအဝေး၊

မြန်မာနိုင်ငံ၊ တောင်ကြီးမြို့

၂၀၀၄၊ ဇွန်လ ၂၈ ရက်နေ့မှ ၂၉ ရက်နေ့ အထိ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

သမ္မတဘုရှ်နှင့် ကာကွယ်ရေး ဝန်ကြီး ရမ်းစ်ဖဲလ်တို့ တရားခွင်၌ သက်သေခံထွက်ဆိုစေရန် ကန်တပ်ဖွဲ့ဝင်၏ရှေ့နေကြိုးပမ်းမည်

ဘဂ္ဂဒက် ဇွန် ၂၂

အီရတ်တွင် အကျဉ်းသားများအား မတရားနှိပ်စက်မှုနှင့်ပတ်သက်၍ တရားစွဲဆိုခံထားရသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး၏ ရှေ့နေက အမေရိကန် သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ်ရမ်းစ်ဖဲလ်တို့ကို တရားခွင်၌ လာရောက်သက်သေခံထွက်ဆိုအောင် မိမိကြိုးပမ်းမည်ဟု တနင်္လာနေ့က ပြောကြားလိုက်သည်။

ဘုရှ်နှင့် ရမ်းစ်ဖဲလ်တို့သည် အကြမ်းဖက်မှုကို ၎င်းတို့စစ်ပွဲဆင်နွှဲရာတွင် ဂျီနီဗာကွန်ဗင်းရှင်းသဘောတူချက်ကို ထမင်းရည်ပူလျှာလွှဲလုပ်နေကြသည်ဟု တရားခံရှေ့နေ ပေါလ်ဘာဂရင်က ပြောကြားသည်။

ညွှန်ကြား

သူ၏အမှုသည် တပ်ကြပ် ဂျာဗာလ်ဒေးဗစ်သည် ထောက်လှမ်းရေး သတင်းများ ရရှိရန်အတွက် အီရတ်အကျဉ်းသားများအား စိတ်ဓာတ်ကျဆင်းအောင် နှေ့စဉ်လုပ်ဆောင်ရန် ညွှန်ကြားထားခြင်းခံရကြောင်း ဘာဂရင်က ပြောကြားသည်။

မသက်ရောက်

ဘုရှ်သည် အကြမ်းဖက်မှုအပေါ် စစ်ပွဲဆင်နွှဲသည့် မိန့်ခွန်းကို ပြောကြားခဲ့ပြီး ဂျီနီဗာကွန်ဗင်းရှင်းသည် အကျိုးမသက်ရောက်တော့ကြောင်း ပြောကြားခဲ့သည်ဟု သတင်းထောက်များကို ဘာဂရင်က ပြောကြားသည်။

စွပ်စွဲ

တစ်ဖန် ဘာဂရင်က ရမ်းစ်ဖဲလ်နှင့် အခြားထိပ်တန်းအရာရှိများ သည် မတရား နှိပ်စက်ညှဉ်းပန်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြန်ပြီး အဓိပ္ပာယ်ဖွင့်ရန် ကြိုးပမ်းခဲ့ကြောင်း စွပ်စွဲလိုက်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း အီရတ်စစ်ပွဲမစတင်မီကပင် စစ်ပွဲဆင်နွှဲခြင်းကို ကန့်ကွက်ခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

ကိယက်ဗ်မြို့တွင် လူထောင်ပေါင်းများစွာဆန္ဒပြ ယူကရိန်းတပ်ဖွဲ့ဝင်များ ပြန်ရုပ်သိမ်းရေးတောင်းဆို

ကိယက်ဗ် ဇွန် ၂၃

ယူကရိန်းနိုင်ငံ ကိယက်ဗ်မြို့တွင် ဆန္ဒပြသူ ထောင်ပေါင်းများစွာသည် ယူကရိန်းတပ်ဖွဲ့ဝင်များအား ပြန်ရုပ်သိမ်းရန် အစိုးရထံ အင်္ဂါနေ့က တောင်းဆို ဆန္ဒပြခဲ့ကြသည်။ နိုင်ငံရေးသမားများသည် ၎င်းတို့အောင်ပွဲခံရေးအတွက် အခြားသူများ၏ သွေးများ ယိုစီးကျအောင်လုပ်ဖို့ အခွင့်အရေးမရှိကြောင်း ဆန္ဒပြသူများက ပြောဆိုကြသည်။

ဆန္ဒပြသူ ထောင်ပေါင်းများစွာသည် ယူကရိန်းနိုင်ငံ၏မြို့တော် ကီယဲ့ဗ်ရှိ လွတ်လပ်ရေးရင်ပြင်၌ စုရုံးရောက်ရှိကြပြီးနောက် ပါလီမန်သို့ ချီတက်ခဲ့ကြကာ တပ်ဖွဲ့ဝင်များ ပြန်လာရေး တောင်းဆိုခဲ့ကြသည်။

မစွန့်သင့်

အစိုးရသည် ၎င်းတို့အကျိုးစီးပွားအတွက် တပ်ဖွဲ့ဝင်များကို အီရတ်သို့လွှတ်ခဲ့ကြောင်း၊ လူများသည် တိုင်းပြည်လိုအပ်ချက် တစ်စုံတစ်ရာအတွက် အသက်စွန့်သင့်သော်လည်း တစ်ဦးတစ်ယောက်၏ အကျိုးစီးပွားအတွက် အသက်ကို မစွန့်သင့်ကြောင်း အငြိမ်းစား ဗိုလ်ချုပ်ကြီး မီခေလိုပူခနိုက ပြောကြားသည်။

ဝေဖန်

အီရတ်သို့ ငြိမ်းချမ်းရေးထိန်းသိမ်းသူများ စေလွှတ်ရေးအတွက် သမ္မတ လီယိုနစ်ကူချမာ၏ ဆောင်ရွက်ချက်သည် ဝေဖန်ပြစ်တင်ခြင်း ခံနေရသည်။ အတိုက်အခံ နိုင်ငံရေးသမား အများအပြားက အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးကို ပြင်ဆင်ရန် ကြမ်းတမ်းသော ကြိုးပမ်းမှုဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

ဆန္ဒပြ

အီရတ်မှ ယူကရိန်း တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုဆန္ဒပြနေသူများကို ယူကရိန်းနိုင်ငံ ကိယက်ဗ်မြို့တွင် ဇွန် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ– အင်တာနက်)

နျူကလီးယားကိစ္စ ဥရောပနိုင်ငံများကတိမတည် အီရန်ကလည်း လိုက်နာမည်မဟုတ်

တီဟီရန် ဇွန် ၂၃

အီရန်နိုင်ငံသည် ပြည့်ဝယူရေနီယံ ထုတ်လုပ်မှုကို ယခုလတ်တလောတွင် ပြန်လည်စတင်မည်မဟုတ်သေးကြောင်း၊ အီရန် ထိပ်တန်းလုံခြုံရေးတာဝန်ရှိသူ ရိုဟာနီက ပြောကြားလိုက်သည်။

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်များနှင့် ပတ်သက်ပြီး ကုလသမဂ္ဂ နျူကလီးယား စုံစမ်းစစ်ဆေးမှုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုလျော့ပါးခဲ့သည်ဆိုသော အိုင်အေအီးအေ၏ စွပ်စွဲပြောကြားမှု ပေါ်ထွက်ခဲ့ပြီးနောက် အီရန် အစိုးရက ယခုလိုကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဥရောပနိုင်ငံများသည် ၎င်းတို့၏ ကတိအတိုင်း လိုက်နာဆောင်ရွက်မှု မရှိသည့်အပြင် ကတိမတည်သဖြင့် အီရန်ကလည်း လိုက်နာဆောင်ရွက်စရာမလိုကြောင်း၊မိမိတို့၏ နျူကလီးယားဆိုင်ရာ အစီအစဉ်များမှာ ငြိမ်းချမ်းရေးအတွက် အသုံးပြုရန်ဖြစ်ကြောင်း၊ နိုင်ငံ၏နျူကလီးယား အစီအစဉ်များကို ပြန်လည်စတင်ဆောင်ရွက်ပါက အိုင်အေအီးအေသို့ တင်ပြမည်ဖြစ်ကြောင်း အီရန် လုံခြုံရေးဆိုင်ရာ အကြီးအကဲဖြစ်သူ ရိုဟာနီက ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

ဖောက်ခွဲခံရသော ရေနံပိုက်လိုင်းများ အီရတ်တို့ပြင်ဆင်နေဆဲ

ဘဂ္ဂဒက် ဇွန် ၂၂

အီရတ်နိုင်ငံတောင်ပိုင်းရှိ ဖျက်ဆီးခံရသော ရေနံတင်ပိုက်လိုင်းများကို အီရတ်နိုင်ငံက ပြင်ဆင်လျက်ရှိရာ တနင်္ဂနွေနေ့တွင် ဘာဆာရာရေနံစိမ်းများကို ပြန်လည်တင်ပို့နိုင်ရန်မျှော်လင့်ကြောင်း ရေနံလုပ်ငန်းသတင်းရပ်ကွက်က ပြောကြားသည်။

ရေနံပိုက်လိုင်း နောက်ထပ် ဖောက်ခွဲဖျက်ဆီးမခံရစေရန်အတွက် ရေနံပိုက်လိုင်းပြင်ဆင်မှုသတင်းကို အီရတ်အရာရှိများက ထိန်းသိမ်းထားရန် ကြိုးပမ်းထားကြောင်း ပြောဆိုကြသည်။

ရည်ရွယ်

ပိုက်လိုင်းငယ်များကို ပြင်ဆင်ပြီးစီးကြောင်း ပြောဆိုသော်လည်း ကနဦး စတင်ပို့မည့်ရေနံပမာဏကိုမူ ပြောဆိုခြင်းမရှိပေ။ လွန်ခဲ့သည့်သီတင်းပတ်၌ ရေနံလုပ်ငန်းသတင်းရပ်ကွက်များက တစ်နေ့လျှင် ရေနံစည် ၇၀၀၀၀၀ ခန့်နှုန်းဖြင့် တင်ပို့ရန်ရည်ရွယ်ကြောင်း ပြောဆိုခဲ့သည်။

ဖောက်ခွဲဖျက်ဆီးရေးသမားများသည် ပြီးခဲ့သည့်သီတင်းပတ်၌ ၄၂ လက်မပိုက်လိုင်းနှင့် ၄၈ လက်မပိုက်လိုင်းတို့ကို ဖောက်ခွဲဖျက်ဆီးခဲ့ရာ ဘာဆာရာ ရေနံတင်ပို့မှုသို့မဟုတ် တစ်နေ့ရေနံစည် ၁ဒသမ ၆သန်းခန့် တင်ပို့မှု ရပ်ဆိုင်းခဲ့ရသည်။ **အမ်အင်အေ၊ရိုက်တာ**

လုံခြုံရေး စောင့်ကြပ်

ရာမာဒီမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘင်္ဂလားဒေ့ရှ်၌ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်လာရန် ဆောင်ရွက်မည်

ဒါကာ ဇွန် ၂၂

ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို နှစ်စဉ် တာကာငွေ ၁၂၀ဘီလီယံ (အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ) ရင်းနှီးမြှုပ်နှံအောင် ရည်မှန်းချက်ထား၍ ဆွဲဆောင်သွားရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပြုလုပ်သွားမည်ဖြစ်သည်။

ယင်းထောင်စုနှစ် ရည်မှန်းချက်များ အောင်မြင်မှု ရရှိစေရန်အတွက် လာမည့် ၂၀၀၇ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြည်တွင်းစုစုပေါင်း ထုတ်ကုန်တန်ဖိုးကို ၁၇ဒသမ ၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းသို့ တိုးမြင့်ရောက်ရှိအောင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကို တိုးမြင့်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အရာရှိတစ်ဦးက ပြောကြားသည်ကို ဖိုင်နင်ရှယ်အိပ်စ်ပရက်စ်က တနင်္ဂနွေနေ့တွင် ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များဆင်နွှဲသည့် အီရတ်စစ်ပွဲ အရှေ့အလယ်ပိုင်းတွင် မတည်မငြိမ်မှုများပိုမိုဖြစ်ပွားလာစေခဲ့

ဒမတ်စကတ် ဇွန် ၂၂

အီရတ်နိုင်ငံတွင် မင်းမဲ့စရိုက်ကြောင့် မတည်မငြိမ်မှုများပိုမိုတိုးပွားလာခဲ့ပြီး အိမ်နီးချင်းနိုင်ငံများအပေါ် အပြုသဘောမဆောင်သော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့သည်ဟု ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်က တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားလိုက်သည်။

အီရတ်နိုင်ငံ၌ မင်းမဲ့စရိုက်များ အလွန်အကျွံများပြားနေပြီး ထိုမင်းမဲ့စရိုက်များက အိမ်နီးချင်းများအပေါ် ထိခိုက်စေခဲ့ရာ အထူးသဖြင့် ဆီးရီးယားနိုင်ငံကို ထိခိုက်ခဲ့ကြောင်း သမ္မတအာဆတ်က တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားသည်။

ပြောကြား

သမ္မတအာဆတ်သည် တရုတ်ပြည်သို့ ငါးရက်ကြာ အလည်အပတ်ခရီးမစတင်မီ တရုတ်သတင်းဌာနက တွေ့ဆုံမေးမြန်းရာ၌ ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်ပြီး ဆင်နွှဲခဲ့သည့် စစ်ပွဲသည် အရှေ့အလယ်ပိုင်းဒေသအတွင်း၌ မတည်မငြိမ်မှုကို အခွင့်အရေး ပိုပေးရာရောက်ခဲ့ကြောင်း အာဆတ်က ပြောကြားသည်။

စိုးရိမ်ပူပန်

ထို့အပြင် အီရတ်၌ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးအခြေအနေတို့အပေါ် အပြုသဘောမဆောင်သော ဆိုးကျိုးများ သက်ရောက်စေပြီး အရှေ့အလယ်ပိုင်းနိုင်ငံများကို စိုးရိမ်ပူပန်စေခဲ့ကြောင်း သမ္မတအာဆတ်က တနင်္လာနေ့၌ ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာ သတင်းများ

အီရတ်မြောက်ပိုင်း ဘေဂျီမြို့အနီး ရေနံပိုက်လိုင်း ဖောက်ခွဲဖျက်ဆီးခံရ

ဘဂ္ဂဒက် ဇွန် ၂၃

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ဘေဂျီမြို့မှနေ၍ ရေနံစိမ်းများပေးပို့နေသော အဓိကရေနံပိုက်လိုင်း တစ်လိုင်းကို ဖောက်ခွဲဖျက်ဆီးသူများက ဖောက်ခွဲဖျက်ဆီးခဲ့ကြကြောင်း ရေနံလုပ်ငန်းအာဏာပိုင်များက အင်္ဂါနေ့၌ ပြောကြားသည်။

အဆိုပါ ဘေဂျီမြို့မှနေ၍ အီရတ်နိုင်ငံ၏ အကြီးမားဆုံး ရေနံချက်စက်ရုံတစ်ခုသို့ ရေနံစိမ်းများကို အဆိုပါရေနံပိုက်လိုင်းဖြင့် ပေးပို့ခဲ့ခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၂၀ ရှိ အယ်လ်မာရှာဟီဒါမြို့အနီး၌ အဆိုပါပိုက်လိုင်း ဖောက်ခွဲခံရပြီး မီးလောင်ခဲ့ရာတွင် မီးခိုးလုံးများသည် ကောင်းကင်သို့ အလိပ်လိုက်တက်လျက် ကောင်းကင်တစ်ခုလုံး မည်းမှောင်သွားခဲ့သည်ဟု ဆိုသည်။

အဆိုပါပိုက်လိုင်းကို တနင်္လာနေ့ညပိုင်းက ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း ရေနံလုံခြုံရေးအစောင့်ဖြစ်သူ ဆာလာအလီဟာမစ်က ပြောကြားသည်။

ယင်းသို့ ရေနံပိုက်လိုင်း ဖောက်ခွဲခံရသဖြင့် ဒိုရာရေနံချက်စက်ရုံသို့ ရေနံပေးပို့မှု ရပ်ဆိုင်းသွားခဲ့သည်။

ဇွန် ၃၀ ရက်၌ အုပ်ချုပ်ရေးမလွှဲမီ အခြေခံအဆောက်အအုံ ပစ်မှတ်များကို ဆက်တိုက် တိုက်ခိုက်မှုအတွင်း ယင်းသို့ ရေနံပိုက်လိုင်းကို ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မိုဆူးလ်မြို့တွင် ဇနီးမောင်နှံနှစ်ဦး လုပ်ကြံသတ်ဖြတ်ခံရ

မိုဆူးလ် ဇွန် ၂၃

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင်ထင်ရှားသော အီရတ်လူမျိုးများကို နောက်ဆုံးတိုက်ခိုက်မှုတွင် တက္ကသိုလ်ကထိကတစ်ဦးနှင့် သူမ၏ခင်ပွန်းဖြစ်သူတို့အား လုပ်ကြံသတ်ဖြတ်သူများက သတ်ဖြတ်သွားကြကြောင်း ရဲအဖွဲ့က အင်္ဂါနေ့၌ ပြောကြားသည်။

မိုဆူးလ်တက္ကသိုလ်မှ ဥပဒေရေးရာဌာနမှူး လေလာအဗ္ဗဒူလာဆာအယ်ဒ်သည် ခြိမ်းခြောက်ခြင်းခံထားရသော်လည်း သူမ၏နေအိမ်ကို ကာကွယ်ရန် လုံခြုံရေးအစောင့် ငှားရမ်းခြင်းမရှိခဲ့ကြောင်း ဆွေမျိုးသားချင်းများက ပြောကြားသည်။ သူမအား လုပ်ကြံသတ်ဖြတ်သူများက တံခါးပေါက်ရှိ အုတ်လှေခါး၌ သေနတ်ဖြင့်ပစ်ကာ ဓားဖြင့် အသေထိုးသွားခဲ့ကြသည်။

သူမ၏ခင်ပွန်းဖြစ်သူ မိုနီယာအယ်လ်စီရီမှာ နေအိမ် အိပ်ခန်းအတွင်း၌ သေနတ်ဒဏ်ရာ သုံးချက်ဖြင့် သေဆုံးနေကြောင်း ရဲအဖွဲ့က ပြောကြားသည်။

သိရှိရ

လူသတ်သမားများက အိမ်အတွင်းရှိ ငွေကြေးဥစ္စာပစ္စည်းများကို တစ်စုံတစ်ရာ ယူဆောင်သွားခြင်းမရှိကြောင်း ကနဦး စုံစမ်းသိရှိရသည်။ ယခု လုပ်ကြံသတ်ဖြတ်မှုသည် အခြားသူများအနေဖြင့် အစိုးရအဖွဲ့အစည်းများ၌ ဦးဆောင်မှု မပြုရဲစေရန် ပညာတတ်များကို သတ်ဖြတ်သည့် ပူးပေါင်းလုပ်ကြံမှုပင်ဖြစ်သည်ဟု တက္ကသိုလ်မှ ယာဉ်မောင်းဖြစ်သူ ဂျမားလ်အာမက်(၃၀)နှစ်က ပြောကြားသည်။

အသတ်ခံရ

အမေရိကန်တပ်ဖွဲ့များကို တိုက်ခိုက်နေသော ပြောက်ကျားခုခံရေးသမားများသည် အီရတ်နိုင်ငံ မတည်ငြိမ်ရေးနှင့် ကြားဖြတ်အစိုးရကို ထောက်ခံမှု ပျက်ပြားစေရန်အတွက် လုပ်ကြံသတ်ဖြတ်မှုများကို လုပ်ဆောင်ခဲ့ကြသည်။ မိုဆူးလ်တက္ကသိုလ် နိုင်ငံရေးသိပ္ပံဌာနမှူး အဗ္ဗဒူလ်ဂျက်ဘာမှုစတာဖာသည်လည်း ဇန်နဝါရီလထဲ၌ အသတ်ခံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ထားမှုအား ကန့်ကွက်ပြီး ဘုရှ်နှင့် ဘလဲတို့ကို ဆန့်ကျင်ဆန္ဒပြနေသူများအား အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဇွန် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သောကဖိစီးမှုနှင့်ကြုံတိုင်း စိတ်တည်ငြိမ်သူ သွေးတိုးဖြစ်မှုလျော့နည်း

ဝါရှင်တန် ဇွန် ၂၃

သောကဖိစီးမှုနှင့်ကြုံရသည့်အခါ ခေါင်းအေးအေးထားကာ စိတ်ကို တည်ငြိမ်သော လူလတ်ပိုင်းများသည် ၎င်းတို့အသက်အရွယ်ရလာချိန်၌ သွေးတိုးဖြစ်မှု အလားအလာ လျော့နည်းသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသီများက တနင်္လာနေ့၌ ပြောဆိုကြသည်။

လူလတ်ပိုင်းအရွယ်ရှိသူ ၄၀၀၀ ကို လေ့လာကြည့်ရာ၌ ဗီဒီယိုဂိမ်းကစားခိုက်တွင် သောကဖိစီးမှု အနည်းဆုံးဖြစ်သော လူလတ်ပိုင်းများသည် ၎င်းတို့ အသက် ၄၀ အရွယ်ရောက်ချိန်၌ သွေးတိုးဖြစ်မှု အလားအလာ လျော့နည်းကြောင်း လေ့လာတွေ့ရှိချက်၌ ဖော်ပြထားသည်။

သုတေသနပြုမှုကို ၁၉၈၅ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်ပြီး အသက် ၁၈ နှစ်နှင့် ၃၀ ကြားရှိသော ယောကျ်ားနှင့် မိန်းမ ၅၁၁၅ ဦးကို လေ့လာခဲ့သည်။ ထို့နောက် ၎င်းတို့အား ပုံမှန်ပြန်လည် စစ်ဆေးခြင်းပြုလုပ်ခဲ့သည်ဟု ဆိုသည်။

ဒုတိယနှစ် စစ်ဆေးမှုကို လူ ၄၂၀၂ ဦးတို့အား ပြုလုပ်ခဲ့ရာတွင် ထိုလူများသည် သာမန်သွေးခုန်နှုန်း ၁၄၀/၉၀ ရှိသူများ ဖြစ်ကြသည်။

အမ်အင်အေ၊ရိုက်တာ

ဇွန် ၂၃ ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၈၄၂ ဦးရှိ

ဘဂ္ဂဒက် ဇွန် ၂၃

အီရတ်နိုင်ငံတွင်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၂၀၀၃ ခုနှစ် မတ်လ၌ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ စစ်ဆင်ရေးစတင်ခဲ့သည်မှ ၂၀၀၄ ခုနှစ် ဇွန်လ ၂၃ ရက် ဗုဒ္ဓဟူးနေ့ရောက်ချိန်၌ ၈၄၂ ဦး ရှိသွားပြီဖြစ်ပြီး ယင်းအနက် ၆၂၂ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၂၀ မှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။

မေလ ၁ ရက်၌ စစ်ပွဲပြီးဆုံးခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၇၀၄ ဦးဖြစ်ပြီး ယင်းအနက် ၅၁၃ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၁၉၁ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု ဆိုသည်။

ထို့ပြင် ဗြိတိသျှ ၅၈ ဦး၊ အီတလီ ၁၈ ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန် ခြောက်ဦးစီ၊ ယူကရိန်းလေးဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလင် တစ်ဦးစီသေဆုံးသည်ဟု ဆိုသည်။ **(အင်တာနက်)**

ဆွစ်ဇာလန်နိုင်ငံ အဲလ်ပ်တောင်တန်းအောက် ပေ ၂၄၀၀ ခန့်တွင် ဖြတ်ဖောက်ထားသော ကမ္ဘာ့အရှည်ဆုံး မီးရထား ဥမင်လိုဏ်ခေါင်းကို ဇွန် ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြစ်ရေခွဲဝေသုံးစွဲရေးကိစ္စ အိန္ဒိယနှင့်ပါကစ္စတန် ဆွေးနွေး

နယူးဒေလီ ဇွန် ၂၃

နှစ်နိုင်ငံဆက်ဆံရေး နွေးထွေးမှုအသစ်များကို ရရှိနေသည့်အခွင့်ကောင်းအား အကျိုးရှိစွာလုပ်ဆောင်ရေးအနေဖြင့် မြစ်ရေခွဲဝေသုံးစွဲရေးလုပ်ငန်းစဉ်တစ်ရပ်ကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့ အင်္ဂါနေ့က စတင်ဆွေးနွေးနေကြောင်း သိရသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ယခုအခါ နှစ်နိုင်ငံဆက်ဆံရေး အကောင်းဆုံးအနေအထားကို ရောက်ရှိနေကြောင်း၊ ထိုသို့သောအခြေအနေမျိုးတွင် ဘတ်လီဟာ ရေအားလျှပ်စစ်စီမံကိန်းကဲ့သို့သော အငြင်းပွားဖွယ်ရာကိစ္စရပ်အချို့ကို ဖြေရှင်းနိုင်ရန် အထောက်အကူရရှိမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ၏ ရေအရင်းအမြစ်များဆိုင်ရာ အရာရှိတစ်ဦးက သတင်းထောက်များအား ပြောကြားသည်။

နှစ်နိုင်ငံငြိမ်းချမ်းရေးဖြစ်စဉ်များ တိုးတက်ရရှိနေသောအချိန်ကာလဖြစ်သည့် ယခုနှစ်အစောပိုင်းက အဆိုပါမြစ်ရေခွဲဝေသုံးစွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရန် သဘောတူညီခဲ့ကြသည်။ အိန္ဒိယနိုင်ငံတွင် တည်ဆောက်နေသော ချီနတ်မြစ်ပေါ်ရှိ ဘတ်လီဟာ ရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ အဆိုပါနှစ်နိုင်ငံအရာရှိများက အင်္ဂါနေ့ တစ်နေ့လုံး ဆွေးနွေးကြသည်။ ချီနတ်မြစ်သည် အိန္ဒိယနိုင်ငံမှ ပါကစ္စတန်နိုင်ငံသို့ စီးဆင်းနေသောမြစ်များအနက် တစ်ခုဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

ဇွန်၂၄ရက်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့သည် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီတို့၏ ကူညီပံ့ပိုးမှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ တိပိဋက မဟာဂန္ဓဝင်ကျောင်းတိုက်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် အရိပ်ရ သစ်ပင်များကို စိုက်ပျိုးစဉ်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ ဇွန် ၂၆ ရက်မှ ဇူလိုင်၃ရက်အထိ ကျင်းပမည်

ရန်ကုန် ဇွန် ၂၄

၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့ ညနေ ၅နာရီ၁၅မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပရာ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌသတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့်ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ ကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို ဇွန် ၂၆ရက်မှ ဇူလိုင် ၃ရက်အထိ ကျင်းပရန်သတ်မှတ်ကြသည်။

တင်ပြ

ထို့နောက် ကျောက်စိမ်း၊ကျောက်မျက် အထူးရောင်းချပွဲသို့ တက်ရောက်ရန် ရတနာကုန်သည်များ ဖိတ်ကြားမှု အခြေအနေနှင့် ပြန်ကြားချက်ရရှိမှု အခြေအနေများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နိုင်ငံခြားသားများအား တက်ရောက်ခွင့်ပြုမည့် အခြေအနေကိုလည်းကောင်း၊ ငွေပေးချေရေး ကိစ္စပြင်ဆင်ဆောင်ရွက်မည့် အခြေအနေကိုလည်းကောင်း၊ ကျောက်စိမ်းဆပ်ကော်မတီ၊ ကျောက်မျက်ဆပ်ကော်မတီ၊ စီမံရေးရာဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီနှင့်လုံခြုံရေး ဆပ်ကော်မတီများက ဆပ်ကော်မတီ အလိုက်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်းတင်ပြကြသည်။

ယင်းနောက် အထွေထွေပိုင်းတွင် ၂၀၀၄ခုနှစ် ကျောက်စိမ်း ကျောက်မျက် အထူးရောင်းချပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် နိုင်ငံခြားငွေပိုမိုတိုးတက် မြင့်မားစွာရောင်းချနိုင်ရေးအတွက် အထူးရောင်းချပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက အကြံပြု ဆွေးနွေးကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ချုပ်ဆိုမည့် ဆက်သွယ်ရေးစီမံကိန်း အဆင့်(၂) လုပ်ငန်း ဆောင်ရွက်ရေး ကန်ထရိုက်စာချုပ်တို့ လက်မှတ်ရေးထိုး ချုပ်ဆိုသည့် အခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Sedona Hotel,Ball Room ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ ရှေ့နေချုပ်ရုံး၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာန၊မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အကောက်ခွန် ဦးစီးဌာနနှင့် မြန်မာ့ အာမခံလုပ်ငန်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ရန်ကုန်မြို့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံရုံးနှင့် Alcatel Shanghai Bell Co.,Ltd. တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အပြန်အလှန်

ရှေးဦးစွာဆက်သွယ်ရေးစီမံကိန်း အဆင့်(၂)အတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချေးငွေအား မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းသို့ ထပ်ဆင့် ချေးသည့် Subsidiary Loan Agreement ကို မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်မှ အထွေထွေမန်နေဂျာ ဦးစိုးမင်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသာဦးတို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ ဆက်သွယ်ရေး စီမံကိန်းအဆင့်(၂) ဆောင်ရွက်ရန် သဘောတူ ကန်ထရိုက်စာချုပ်ကို မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် Alcatel Shanghai Bell Co., Ltd. မှ ဒုတိယဥက္ကဋ္ဌ (Senior Vice President) Mr. Joe Tao ZHOU တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ယခု ချုပ်ဆိုသော စာချုပ်များအရ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေ ယွမ်သန်း ၂၅၀ဖြင့် ရန်ကုန်မြို့နှင့် နယ်မြို့များတွင် အော်တိုတယ်လီဖုန်းစနစ်များ တပ်ဆင်ခြင်း၊ ဂျီအက်စ်အမ် မိုဘိုင်းတယ်လီဖုန်းစနစ်တပ်ဆင်ခြင်းနှင့် ဆက်သွယ်ရေးဆက်ကြောင်းများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့ ၌နေရာကွက်၍မိုးကြီးနိုင်

ရန်ကုန် ဇွန် ၂၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့်ပဲခူးတိုင်းတို့တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားကောင်းနေသည်။

ဇွန် ၂၅ရက် ညနေအထိ ခန့်မှန်းချက်အရ ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ညီလာခံကိုယ်စားလှယ်တို့၏အားမာန်

❑ သွေးခွဲမှုများ၊ ဘေးဖယ်ထား
ဒို့များညီနောင်၊ အားနှင့်ဆောင်
အမှောင်ကိုခွင်း၊ ညီညွတ်ခြင်း
အလင်းကိုသာဆောင်လိမ့်မည်။

❑ ညောင်နှစ်ပင်လမ်း၊ သာစခန်း
စိတ်ဝမ်းကြည်ဖြူ၊ အခြေခံမူ
ညီတူစွာရေး၊ စဉ်မျှော်တွေး
နိုင်ငံ့ရှေ့ရေး အောင်ရမည်။

❑ ရှစ်ဖွဲ့စုံတယ်၊ ကိုယ်စားလှယ်
စိတ်ဝယ်နွေးထွေး၊ တိုင်းပြည်ရေး
ဆွေးနွေးကြစဉ်၊ ပြုံးပျော်ရွှင်
ကြည်လင်လန်းဆန်းနေကြသည်။

❑ ရေကန်နှင့်ကြာ၊ တင့်တယ်စွာ
သာယာလိုက်ဖက်၊ စဉ်မပျက်
ရှေ့တွက်စွဲမြဲ၊ စဉ်မခွဲ
အမြဲစည်းလုံးနေကြမည်။

❑ စည်းလုံးခြင်းကား၊ ပြည့်ခွန်အား
ရိုးသားဖြောင့်မတ်၊ ဒို့စိတ်ဓာတ်
မပြတ်အစဉ်၊ ချစ်ကျွမ်းဝင်
နောင်တွင်သမိုင်းတွင်ရစ်မည်။

❑ သွေးခွဲမှုများ၊ ဘေးဖယ်ထား
ဒို့များညီနောင်၊ အားနှင့်ဆောင်
အမှောင်ကိုခွင်း၊ စည်းလုံးခြင်း
အလင်းကိုသာဆောင်ရမည်။ ။

(အမျိုးသားညီလာခံအား ဂုဏ်ပြုလျက်)

ကြည်မြင့် (သာယာဝတီ)

* **ရှေ့ဖုံးမှ**

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်း

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြသည့် ညီလာခံကိုယ်စားလှယ်များအားတွေ့ရစဉ်။ (သတင်းစဉ်)



ဆိုင်ရာ ပုဂ္ဂိုလ်များ၊ လေ့လာသူများ၊ နိုင်ငံရေးပါတီများ ဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို (ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ “ဝ” အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး ၊အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများ ဖြစ်ကြသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ (၆)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၇)၊ကချင်ပြည်နယ်အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ကယားပြည်နယ်အထူးဒေသ (၁)၊ ကယားပြည်နယ် အထူးဒေသ (၂)၊ ကယားပြည်နယ် အထူးဒေသ(၃)

စာမျက်နှာ ၈ ကော်လံ ၁

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်



စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်တွင် တည်ဆောက်ထားသည့် ရေဘုတလင်လျှပ်စစ်မြစ်ရေတင် စီမံကိန်းသည် ပတ်ဝန်းကျင် ကျေးရွာရှိ လယ်မြေဧက ၄၀၀၀၀ အတွက် အကျိုးပြုလျက်ရှိသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရာပြည့်ကျောင်းဆောင်သစ်

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ်တွင် ကျောင်းသူကျောင်းသားများ ပညာရည်မြင့်မားရေးအတွက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် အထက်တန်းကျောင်း ရာပြည့်ကျောင်းဆောင်သစ်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အတ္တရံမြစ်ကမ်းနဖူးတွင် လေရဟတ်ဖြင့် မြစ်ရေများကို ကျေးရွာစိုက်ခင်းများသို့ ဤသို့ ရေတင်ပေးနေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

တနိုင်းမြစ်ကူးတံတား

ကချင်ပြည်နယ် မြစ်ကြီးနား-ပန်ဆောင်-လီဒို လမ်းမပေါ်တွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် တည်ဆောက်ပေးထားသည့် အပေါ်ထည် သံပေါင်၊ အောက်ထည် သံကူကွန်ကရစ်အမျိုးအစား ၉၄၂ ပေ အရှည်ရှိသော တနိုင်းမြစ်ကူးတံတားကြီးကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌတရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုအလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

ထို့ပြင် အမျိုးသားညီလာခံသို့ ကျန်းမာရေးမကောင်းသည့်တိုင် စိတ်အားထက်သန်စွာဖြင့် တက်ရောက်လာကြသော ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်မှ ညီလာခံကိုယ်စားလှယ်ဦးမန်းတင်အောင်သန်း၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များဖြစ်ကြသည့် မြန်မာနိုင်ငံအစည်းအဝေးသို့ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်သဘာပတိအဖြစ်အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်ဒေါ်ခင်နုက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခ) ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေး၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၊ အသိပညာရှင် အတတ်ပညာ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြု
အာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမ

စာမျက်နှာ ၆ မှ

ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNDP) နဂါးအဖွဲ့၊ ကရင်နီ အမျိုးသား တိုးတက်ရေး ပါတီ (KNPP) ခွဲထွက် (ဟိုယာ)၊ ကရင်နီ အမျိုးသား စည်းလုံးညီညွတ် ရေးအဖွဲ့ (ကမစည)၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊ဘုရားကုန်းအထူးဒေသအဖွဲ့၊ ရှမ်းပြည် အမျိုးသားတပ်မတော်၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ရခိုင်အဖွဲ့)၊ဟိုမိန်းဒေသသက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး(MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ)မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့်ရခိုင်တပ်မတော်(အေအေ) အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး မစတင်မီ နံနက် ၇နာရီခွဲမှစတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်း

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးကျာရှီးက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဦးစိန်တင်နှင့် ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ် ဦးခင်ဇော်တို့သည် ဆေးဝါးကုသမှု ခံယူနေသည့်ကြားမှ ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိန်းနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှဦးအောင်ခမ်းထီတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက် အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူးဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ညီလာခံကိုယ်စားလှယ် ၁၀၈၈ ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၇၄ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇၁ ရှိသဖြင့် အမျိုးသားညီလာခံစုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိအမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နုက အဖွင့်မိန့်ခွန်း ပြောကြားရာတွင် ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီးကို တက်ရောက်လာကြသော အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များနှင့်ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်း ပြည့်စုံကြပါစေဟုဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် ခိုင်မာသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများကို ချမှတ်နိုင်ရန်အတွက် အမျိုးသားညီလာခံကို ကျင်းပလာခဲ့ရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း၌ ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်းပြီး ညီလာခံကိုယ်စားလှယ်များသည် မိမိတို့ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ပွင့်ပွင့်လင်းလင်း အကျေအလည် ညှိနှိုင်း ဆွေးနွေးခဲ့ကြပြီး မိမိတို့၏ဆွေးနွေးအကြံပြုချက်စာတမ်းများကိုပြုစုတင်ပြခဲ့ကြကြောင်း။

ယခုဆိုလျှင် ညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့အသီးသီးသည် မိမိတို့၏ ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဤစုံညီအစည်းအဝေးကြီးတွင် စတင် ဖတ်ကြားတင်ပြကြတော့မည်ဖြစ်ကြောင်း၊ ယင်းစာတမ်းများ၌ ပါဝင်မည့် ဆွေးနွေးအကြံပြုချက်များသည် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန်နှင့် စပ်လျဉ်းပြီး အရေးကြီးသော ဆွေးနွေးအကြံပြုချက် များပါရှိမည်ဖြစ်သည့်အတွက် ညီလာခံ ကိုယ်စားလှယ်ကြီးများ အားလုံးသည် စိတ်ပါဝင်စားစွာဖြင့် လေ့လာမှတ်သားကြရန် ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့အား တွေ့ရစဉ်။ (သတင်းစဉ်)

ပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ ခြခံရမည့်မူများချမှတ်နိုင်ရေး ဖတ်ကြားတင်ပြ

ဖတ်ကြား တင်ပြ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအဖွဲ့ချုပ်မှ ဦးခွန်စိန်ဝင်းက ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် ဒေါ်ခင်နုက အဖွင့်မိန့်ခွန်း ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေး အတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် နိုင်ငံရေးပါတီများက ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြရာတွင် ရှေးဦးစွာတိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးခင်မောင်ကြီးက ဖတ်ကြားတင်ပြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသောညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တက်ရောက်လာကြသော ညီလာခံ ကိုယ်စားလှယ်ကြီးများ မှတ်တမ်းတင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏ဆွေးနွေးအကြံပြုချက်စာတမ်းကိုယင်းအဖွဲ့ချုပ်မှ ဦးခွန်စိန်ဝင်းက ဖတ်ကြားတင်ပြသည်။

ထို့နောက် နံနက်၁၀နာရီ၁၀မိနစ်တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် နံနက် ၁၀နာရီမိနစ် ၄၀ တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကိုဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ယင်းအဖွဲ့မှ ဦးသာဘန်းအောင်က ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးကျာရှီးက ဖတ်ကြားတင်ပြသည်။ ယင်းနောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၁၁ နာရီမိနစ် ၂၀ တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကိုဇွန် ၂၅ရက်နံနက် ၉နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖတ်ကြားတင်ပြ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးခင်မောင်ကြီးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)



အကြံပြုစာတမ်း

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးသာဘန်းအောင်က နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မလွဲမသွေအောင်မြင်မည့် မူးယစ်ဆေးဝါးပပျောက်ရေး(၁၅)နှစ်စီမံကိန်း

သုခနု

မြန်မာနိုင်ငံတွင် ရှေးမြန်မာမင်းများလက်ထက်ကပင် ဘိန်းစသည့် မူးယစ်ဆေးဝါးများကို ယဉ်ကျေးမှုအရ ရှောင်ကြဉ်ခဲ့ကြသည်။ နယ်ချဲ့စနစ် ကမ္ဘာပေါ်တွင် ပျံ့နှံ့ခဲ့သည်နှင့်အတူ နိုင်ငံရေး၊ စီးပွားရေး အကျိုးအမြတ်အတွက် အာဖဂန်နစ္စတန်၊ အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့ဆုံရာ ရွှေလခြမ်းနယ်မြေနှင့် မြန်မာ–ထိုင်း–လာအိုနိုင်ငံတို့ဆုံရာ ရွှေတြိဂံနယ်မြေတို့တွင် နယ်ချဲ့တို့က ဘိန်းပင်များကို စတင်စိုက်ပျိုးခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ဖြစ်ပွားသောအခါ ဘိန်းလုပ်ငန်းများ မှေးမှိန်သွားခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ပြီးသောအခါ ကူမင်တန်တရုတ်ဖြူများသည် မြန်မာနိုင်ငံ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ ဝင်ရောက်ကျူးကျော်ခဲ့ကြသည်။ ထိုကူမင်တန်တရုတ်ဖြူတို့သည် ၎င်းတို့၏ စီးပွားရေးနှင့် လက်နက်ဝယ်ယူရေးအတွက် ဘိန်း လုပ်ငန်းများကို ပြန်လည်အသက်သွင်းခဲ့သည်။ ကူမင်တန်တရုတ်ဖြူတို့သည် ဘိန်းဖြူ(ဟီရိုးအင်း)များကိုချက်လုပ်ကာ အနောက်ကမ္ဘာသို့ တင်ပို့ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါ ဘိန်းစိုက်ပျိုးမှုကို ပိတ်ပင်ခဲ့သည်။ မြန်မာနိုင်ငံအစိုးရ အဆက်ဆက်ကလည်း နယ်စပ်ဒေသ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးကို ဆက်လက်ကြိုးပမ်းခဲ့သည်။ သို့သော် ပြည်တွင်းသောင်းကျန်းမှု မငြိမ်မသက်မှုကြောင့် ထင်တိုင်းမပေါက်ခဲ့ပေ။

မြန်မာနိုင်ငံအစိုးရ အဆက်ဆက်သည် ဘိန်းပပျောက်ရေးအတွက် ငရဲပန်းစစ်ဆင်ရေး၊ တောင်ရန်ရှင်းစစ်ဆင်ရေး၊ တောင်ထိပ်ပန်းစစ်ဆင်ရေး၊ မိုးဟိန်းစစ်ဆင်ရေး စသည့်စစ်ဆင်ရေးကြီးများကို အဆင့်ဆင့်ဆင်နွှဲခဲ့သည်။ ဘိန်းစိုက်ပျိုးရာနယ်မြေများကို စိုးမိုးထားသည့် ဘိန်းသောင်းကျန်းသူများနှင့် ရင်ဆိုင်တိုက်ပွဲများကို ဆင်နွှဲခဲ့ကြရသည်။ ထိုသို့ ဘိန်းကိုတိုက်ဖျက်နေဆဲမှာပင် ပြည်ပ ပယောဂဖြင့် ဘိန်းဖြူပြဿနာက တိုးလာသည်။ ထို့နောက် တစ်ပူပေါ်နှစ်ပူဆင့်ဆိုသကဲ့သို့ စိတ်ကြွရူးသွပ်ဆေးပြားပြဿနာက ထပ်ဆင့်လာခဲ့ပြန်သည်။

၁၉၈၈ ခုနှစ် တပ်မတော်အစိုးရ တာဝန်ယူပြီးနောက်ပိုင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မူဝါဒချမှတ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်၏စစ်မှန်သောစေတနာနှင့် မှန်ကန်သောလုပ်ဆောင်မှုများကြောင့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ ၁၇ ဖွဲ့လည်း ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ဤအောင်မြင်မှုကြောင့်ပင် မြန်မာနိုင်ငံတစ်ဝန်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသပြည်သူများ၏ အခြေခံ လိုအပ်ချက်များကို မြှင့်တင်ပေးရေး အတွက် ပထမဆုံး အခွင့်အလမ်း ရရှိခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်တွင် အေးချမ်း တည်ငြိမ်လာသည်နှင့်အမျှ နယ်စွန်နယ်ဖျားဝေးလံခေါင်းပါးသော ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်အတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကိုပါ တစ်ပြိုင်တည်း လုပ်ဆောင်လာနိုင်ခဲ့သည်။ ထို့ကြောင့် ပြောင်းလဲလာသည့် အခြေအနေအပေါ်မူတည်ကာ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်ရေး ဆိုင်ရာ မဟာဗျူဟာ နှစ်ရပ်ကို ချမှတ်ခဲ့သည်။

ထိုမဟာဗျူဟာနှစ်ရပ်မှာ–

- **မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေးနှင့်**
- **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေး**တို့ ဖြစ်သည်။

ထိုသို့ချမှတ်ထားသော မဟာဗျူဟာ နှစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် နည်းဗျူဟာသုံးရပ်ကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ၎င်းနည်းဗျူဟာသုံးရပ်မှာ–

- ထုတ်လုပ်မှုပပျောက်ရေး
- သုံးစွဲမှုပပျောက်ရေးနှင့်
- တားဆီးနှိမ်နင်းရေးတို့ဖြစ်သည်။

တစ်ဖန် ချမှတ်ထားသည့် မဟာဗျူဟာနှစ်ရပ်နှင့် နည်းဗျူဟာ သုံးရပ်အကောင်အထည်ဖော်ရာတွင် လိုက်နာကျင့်သုံးရမည့် အောက်ပါ နည်းနာသုံးရပ်ကိုလည်း ထပ်မံလမ်းညွှန်ခဲ့သည်။

- မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်သုံးစွဲသူများ ယုံကြည်ချက်၊ ခံယူချက်၊ စိတ်ဓာတ်မြင့်မား တိုးတက်ပြောင်းလဲရေး၊
- တောင်ပေါ်မြေပြန့် တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာ ကူးလူးဆက်ဆံနိုင်ရေးနှင့်
- နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူမှုရေး ဘဝတိုးတက်မြင့်မားရေး

တို့ဖြစ်သည်။

ဒေသခံတိုင်းရင်းသားပြည်သူများကလည်း နိုင်ငံတော်၏စေတနာမှန်ကို ယုံကြည် လက်ခံလာကြကာ ပူးပေါင်းဆောင်ရွက်လာကြသည်။ နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားများ လက်တွဲကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လာခဲ့ပြီး ဘိန်း ပပျောက်ရေးလုပ်ငန်းများကိုလည်း တက်တက်ကြွကြွ ဆောင်ရွက်လာကြသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ၁၉၉၉–၂၀၀၀ ပြည့်နှစ်မှ ၂၀၁၃–၂၀၁၄ခုနှစ်အထိ မူးယစ် ဆေးဝါးပပျောက်ရေး ပင်မစီမံကိန်း ၁၅ နှစ် စီမံကိန်းကို ရေးဆွဲအကောင် အထည်ဖော်ခဲ့သည်။ ၁၅ နှစ် စီမံကိန်းလုပ်ငန်းစဉ် ငါးရပ်အနက် မူးယစ်ဆေးဝါးထုတ်လုပ်မှု ပပျောက် ရေးအတွက် စီမံကိန်းများ ချမှတ် ဆောင်ရွက်ခဲ့သဖြင့် အောင်မြင်မှုများ ရရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ဖမ်းဆီး ရမိသည့် မူးယစ်ဆေးဝါးများ ဖျက်ဆီးခဲ့သည်မှာ ရန်ကုန်တွင် (၁၇) ကြိမ်၊ နယ်စပ်ဒေသများတွင် (၂၂)ကြိမ် ရှိပြီ ဖြစ်သည်။ ဖျက်ဆီးခဲ့သည့် အကြိမ်တိုင်းလည်း ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် (UNODC) ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတွင်ရှိသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား သံတမန်များ၊ ပြည်တွင်းရှိ နိုင်ငံခြားသတင်းထောက်များ၏ ရှေ့မှောက်တွင် မျက်ဝါးထင်ထင်ပြပြီးမှ မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ခဲ့ခြင်းမှာလည်း ကမ္ဘာ့လူသားအားလုံးအတွက် မူးယစ်ဆေးဝါး အန္တရာယ်မှ ကာကွယ်တားဆီးသည့်အနေဖြင့် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်သည်။ ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများကလည်း မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် ဘိန်းမျိုးစေ့များကိုဖျက်ဆီးပစ်ရန်လာရောက်အပ်နှံကြသည်များလည်း ရှိပေသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ဒေသခံပြည်သူများ ဘိန်းမျိုးစေ့များကို မီးရှို့ဖျက်ဆီးခဲ့ကြစဉ်။



ဆေးဝါးကုသ အောင်ပွဲရ၊ မူးယစ်ကင်းစင်ဘဝ

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို ပထမငါးနှစ်စီမံကိန်း၊ ဒုတိယငါးနှစ်စီမံကိန်းနှင့် တတိယငါးနှစ်စီမံကိန်းဟူ၍ အပိုင်းသုံးပိုင်းခွဲကာ ဆောင်ရွက်ခဲ့သည်။ ပထမ ငါးနှစ်စီမံကိန်းကို ၁၉၉၉–၂၀၀၀ပြည့်နှစ်မှ ၂၀၀၃–၂၀၀၄ခုနှစ် အထိ သတ်မှတ်ဆောင်ရွက်ခဲ့ရာ ယခုနှစ် မတ်လကုန်တွင် ပထမငါးနှစ် စီမံကိန်းကာလ ကုန်ဆုံးခဲ့ပြီဖြစ်သည်။

ထို့ကြောင့် စီမံကိန်းရည်မှန်းချက်များ ပိုမိုတိုးတက်အောင်မြင်စေရေးအတွက် ၂၀၀၁–၂၀၀၂ဘဏ္ဍာရေး နှစ်မှစတင်ပြီး ပင်မ၁၅နှစ် စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပန်းတိုင် သစ်စီမံကိန်း (New Destiny Project) ကို အားဖြည့်ချမှတ် ဆောင် ရွက်ခဲ့သည်။ ပန်းတိုင်သစ်စီမံကိန်းကို ဘိန်းအများဆုံး စိုက်ပျိုးလေ့ရှိသည့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ပန်းတိုင်သစ်စီမံကိန်း၏ ရည်ရွယ်ချက်မှာ–

- **ဘိန်းအစားထိုးသီးနှံမျိုးစေ့များကို ဘိန်းမစိုက်မီ ကြိုတင်ဖြန့်ဖြူးစေခြင်း၊ ဘိန်းမျိုးစေ့များကို ထိန်းချုပ်ခြင်းတို့ဖြင့် ဘိန်းစိုက်ပျိုးမှုကို ကြိုတင်တားဆီးရန်၊**
- **စီမံခန့်ခွဲရေးနည်းလမ်း၊ စည်းရုံးရေးနည်းလမ်းများအပြင် အခြား သင့်တော်သော နည်းလမ်းများဖြင့် ဘိန်းစိုက်ပျိုးမှုကို ကြိုတင်ကာကွယ် တားဆီးရန်**

တို့ဖြစ်သည်။

ထိုစီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နည်းလမ်း သုံးသွယ်ဖြစ်သည့်ဘိန်းအစားထိုးသီးနှံမျိုးစေ့များကြိုတင်ဖြန့်ဖြူးစိုက်ပျိုးစေခြင်း၊ဘိန်းမျိုးစေ့များထိန်းချုပ်ခြင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ပေါင်းစပ်ပေးခြင်း နည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပေသည်။

ယခင်က မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ဖောက်ကားရာဒေသများသည် တည်ငြိမ်အေးချမ်းမှုမရှိခဲ့ဘဲ ယခုအခါ တည်ငြိမ်အေးချမ်းလာပြီဖြစ်သည်။ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်၏ မူဝါဒနှင့်အညီ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်မှုကြောင့် မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်ဖြစ်ထွန်းခဲ့ခြင်း ဖြစ်သည်။

မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှုသည် မူးယစ်ဆေးဝါးကုန်သည်များသာ အကျိုးအမြတ်ဖြစ်ထွန်းပြီး စိုက်ပျိုးသူများအတွက်မူ ဝမ်းရေးဖူလုံရုံသာ ရှိပေသည်။ ပန်းတိုင်သစ်စီမံကိန်းအရ နိုင်ငံတော်အစိုးရအနေဖြင့် ဘိန်းစိုက်တောင်သူများအတွက် ဘိန်းအစားထိုး စိုက်ပျိုးရေးသီးနှံမျိုးစေ့များကို အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဝေပေးခဲ့သည်။ ထို့အပြင် ဘိန်းအစားထိုးသီးနှံများ အလွယ်တကူစိုက်ပျိုးနိုင်ရန် မြေယာများကို ထွန်ယက်ပြုပြင်ပေးသည့်အပြင် ဆန်၊ ဆီ၊ ဆား စသည့်အခြေခံစားကုန်များကိုလည်း အခမဲ့ ထောက်ပံ့ပေးခဲ့သည်။

ထိုသို့ စိုက်ပျိုးထုတ်လုပ်မှုလျော့ကျသွားအောင် ဆောင်ရွက်ပေးသကဲ့သို့ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဖမ်းဆီးအရေးယူမှုများကိုလည်း ကွက်ပြည့်နင်းကာ စနစ်တကျ ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၀၂ခုနှစ်နှင့် ၂၀၀၃ခုနှစ် အတွင်း မူးယစ်ဆေးဝါးများ ဖမ်းဆီးဖော်ထုတ်နိုင်မှုကို နှိုင်းယှဉ်လေ့လာကြည့်လျှင် သိနိုင်ပေသည်။ ဘိန်းဖမ်းဆီးမှုကိုကြည့်လျှင် ၂၀၀၂ခုနှစ်တွင် ၁၈၆၃ဒသမ၂၇၅၃ ကီလို ဖမ်းဆီးမိပြီး ၂၀၀၃ခုနှစ်တွင်မူ ၁၄၈၁ဒသမ ၄၉၇၈ ကီလိုဖမ်းဆီးရမိခဲ့သည်။ ဘိန်းဖြူကိုလည်း၂၀၀၂ခုနှစ်တွင် ၃၃၃ဒသမ ၈၈၇၇ကီလို ဖမ်းဆီးခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ၅၆၈ဒသမ ဝ၈၂၇ကီလို ဖမ်းဆီးရမိခဲ့သည်။ ဘိန်းဖြူတွင်၂၃၄ဒသမ ၁၉၅ဝ ကီလိုကို ပိုမိုဖမ်းဆီးရမိခဲ့သည်။ ထိုသို့ ပိုမိုဖမ်းဆီးနိုင်ခဲ့ခြင်းမှာ ကွက်ပြည့်နင်းပြီး ဆောင်ရွက်နိုင်ခြင်းကြောင့် ဖြစ်သည်။ စိတ်ကြွရူးသွပ်ဆေးပြားများကိုလည်း ၂၀၀၂ခုနှစ် တွင် ၉၃၉၉၇၉၄ ပြား ဖမ်းဆီးရမိခဲ့ပြီး ၂၀၀၃ခုနှစ်တွင် ၄၀၀၂၅၂၄ ပြား ဖမ်းဆီးရမိခဲ့သည်။ စိတ်ကြွရူးသွပ်ဆေးပြားများ ချက်လုပ်ရာတွင် အသုံးပြုသည့် အက်ဖီဒရင်း ဖမ်းဆီးရမိမှုကို ကြည့်လျှင်လည်း ၂၀၀၂ခုနှစ်တွင် ၁၇၂၃ဒသမ ၅၃၆၉ကီလို ဖမ်းဆီးရမိခဲ့သော်လည်း ၂၀၀၃ခုနှစ်တွင် ၃၀၇ ဒသမ ၉၃၂၂ ကီလို ဖမ်းဆီးရမိခဲ့သည်။ ယင်းအက်ဖီဒရင်း ဓာတုပစ္စည်းမှာ မြန်မာနိုင်ငံတွင် ရှိလည်းမရှိ၊ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်းကိုလည်း ခွင့်မပြုပေ။ သို့သော် မြန်မာနိုင်ငံသည် အက်ဖီဒရင်းထုတ်လုပ်သည့် နိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံအကြားတွင် တည်ရှိပြီး ယင်းနိုင်ငံများနှင့် ဆက်စပ်လျက်ရှိသည့် ရှည်လျားသော နယ်နိမိတ်များမှ တရားမဝင် ဝင်ရောက်လျက်ရှိသည်။ ထိုင်းနိုင်ငံမှလည်း ဝင်ရောက်လျက်ရှိသည်။ ယခုကဲ့သို့ ဖမ်းဆီးရမိမှု ကျဆင်းသွားသည်မှာလည်း အဆိုပါ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်ပေသည်။ တစ်နည်းပြောရလျှင် နိုင်ငံတကာဆက်ဆံရေး ပိုမိုဖြစ်ထွန်း အောင်မြင်လာမှုများကြောင့်ပင် ဖြစ်သည်။

(၁၅)နှစ်စီမံကိန်း မစတင်မီအခြေအနေနှင့် ယခုပထမ ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်အခြေအနေကို လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် စီမံကိန်း မစတင်မီ ၁၉၉၈ခုနှစ်တွင် မြန်မာနိုင်ငံအတွင်းမှ မူးယစ်ဆေးဝါးထွက်ရှိမှုသည် မက်ထရစ်တန် ၁၇၅၀ ဖြစ်ပြီး ၁၉၉၉ခုနှစ် ပထမငါးနှစ်စီမံကိန်း နှစ်စမှာပင် မက်ထရစ်တန် ၁၀၉၀ အထိ လျော့ကျသွားခဲ့သည်။ ထို့အတူ ၂၀၀၀ပြည့်နှစ်တွင် ၁၀၈၅ မက်ထရစ်တန်သို့လည်းကောင်း၊ ၂၀၀၁ခုနှစ်တွင် ၈၆၅ မက်ထရစ်တန်သို့လည်းကောင်း၊ ၂၀၀၂ခုနှစ်တွင် မက်ထရစ်တန် ၆၃၀ သို့ လည်းကောင်း၊ ယခု ပထမ ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၀၃ ခုနှစ်တွင်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့.

25-6 (10).p65 1 06/25/2004, 1:29 AM

❒ *ကျောဖုံးမှ*

မြန်မာ-ဂျပန်ချစ်ကြည်ရေး မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဇူလိုင် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)တွင် နေ့စဉ် မွန်းလွဲ ၂ နာရီမှစ၍ စတင် ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

မစ်ဒယ်ဝိတ်တန်း

မစ်ဒယ်ဝိတ်တန်းတွင် ယနေ့မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံ နာမည်ကြီး ရွှေဆိုင်း (ဇာနည်မောင်ကလပ်၊ မြိုင်ကြီးငူ)နှင့် ဂျပန်မှ ဘောက်ဆင်သမား ဖြစ်သည့် ယိုရှီတိုရိုနီမီ (Yoshitoro Nimi) တို့ စိန်ခေါ်ပွဲ သူနိုင်ကိုယ်နိုင် အပြိုင်နွှဲကြမည်ဖြစ်သည်။

ယိုရှီတိုသည် ဂျပန်တွင် ကျင်းပသည့် ၂၀၀၃ ခုနှစ် အက်မက်မာတီရာ ရှော့ဘောက်ဆင်ပြိုင်ပွဲ မစ်ဒယ်ဝိတ်တန်း၌ ဂျပန်တစ်နိုင်ငံလုံးတွင် တတိယဆု ရရှိထားသူဖြစ်သည်။ ထို့ပြင် ၂၀၀၃ ခုနှစ် ဂျပန်တွင် ကျင်းပခဲ့သည့် တိုကွန်ဂျူကူတာရီတိုမာမင့်ပြိုင်ပွဲတွင် ဝိတ်တန်းမဲ့ ချန်ပီယံဆုရထားသူလည်း ဖြစ်သည်။

လိုက်ဝယ်လ်တာဝိတ်တန်း

လိုက်ဝယ်လ်တာ ဝိတ်တန်းတွင် မြန်မာနိုင်ငံမှ ရှုံးပွဲမရှိ၊သရေပွဲ ၁၀ ပွဲ ထိုးထားပြီး မြန်မာပြည် ရွှေခါးပတ်ချန်ပီယံဆုရ နိုင်းဝမ်းလေး (မြို့တော်စည်ပင်)နှင့် ဂျပန်မှ ဝါဂျစ်ဆူနှင့်

ဟာရူယာမာမိုတိုမှာ အသက် ၃၁ နှစ် ရှိပြီး နိုင်းဝမ်းလေးထက် အရပ် အနည်းငယ် ပိုမြင့်သည်။ ယာမာမိုတိုသည် နာဂါဆာကီမြို့တွင် ကျင်းပသည့် ဝါဂျစ်ဆူချန်ပီယံပြိုင်ပွဲတွင် ချန်ပီယံဆု ရရှိထားသူဖြစ်သည်။

ကစ်ဘောင်ဆင်ပြိုင်ပွဲ ၁၂ ပွဲပြိုင်ပြီး ခြောက်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ လေးပွဲ သရေကျထားသည်။

ဝယ်လ်တာဝိတ်တန်း

ဝယ်လ်တာဝိတ်တန်းတွင် မြန်မာနိုင်ငံမှ အေးဗိုစိန်(လယ်/ဆည်)နှင့် ဂျပန်မှ အကီတိုရှီတာမူယာတို့ အကြိတ်အနယ် သူနိုင်ကိုယ်နိုင် အပြိုင်နွှဲကြမည်ဖြစ်သည်။

လိုက်ဝယ်လ်တာဝိတ်တန်းတွင် ဂျပန်မှ တာကာဟာရူယာမာမိုတိုနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ရှုံးပွဲမရှိ စံချိန်တင်ထားသည့် မြန်မာရွှေခါးပတ်ချန်ပီယံ နိုင်းဝမ်းလေး(မြို့တော်စည်ပင်)၏ လက်ဝှေ့ဟန်ရေးပြဟန်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဂျပန်လက်ဝှေ့ကျော် တာကာဟာရူယာမာမိုတို

လိုက်ဝယ်လ်တာဝိတ်တန်းတွင် မြန်မာလက်ဝှေ့ကျော် နိုင်းဝမ်းလေးနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဂျပန်လက်ဝှေ့ကျော် တာကာဟာရူယာမာမိုတို။



ဖယ်သာဝိတ်တန်းတွင် ဂျပန်မှ ဆိုင်ဂျိဝါကာဆူဂီနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း(သစ်တော)။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)



ဖယ်သာဝိတ်တန်းတွင် မြန်မာလက်ဝှေ့ကျော် ဝင်းထွန်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဂျပန် လက်ဝှေ့ကျော် ဆိုင်ဂျိဝါကာဆူဂီ။

၂၀၀၀-၂၀၀၁ ခုနှစ် အမက်မာတီရာရှော့ဘောက်ဆင်ပြိုင်ပွဲတွင် ဂျပန်တစ်နိုင်ငံလုံး တတိယဆုရရှိထားသူဖြစ်သည်။

ဖယ်သာဝိတ်တန်း

ဖယ်သာဝိတ်တန်းတွင် မြန်မာပြည် ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း

ဆိုင်ဂျိဝါကာဆူဂီ

ဝင်းထွန်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဂျပန်လက်ဝှေ့ကျော်မှာ ဆိုင်ဂျိဝါကာဆူဂီဖြစ်သည်။ အသက် ၂၆ နှစ်ရှိပြီး ဝင်းထွန်းထက် အရပ်ရှည်သူဖြစ်သည်။ ဂျူဂျစ်စူပါချန်ပီယံ ပြိုင်ပွဲတွင် ဒုတိယဆု ရရှိထားသူဖြစ်သည်။

ပါဝင်မည်ဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့ကျော်များ၏ ဖွဲ့သတ္တိ၊ အနိုင်မခံ အရှုံးမပေးဘဲ ပဝါမကူ ရေမရှူ စတမ်း တကယ့်ပွဲကြီးပွဲကောင်းများ ကြည့်ရမည်ဖြစ်သည်။ ဂျပန်လက်ဝှေ့ကျော်များက မြန်မာ့ရိုးရာ လက်ဝှေ့နည်းစနစ်အတွင်း ထိုးသတ်မည်ဖြစ်ရာ

ဝယ်လ်တာဝိတ်တန်းတွင် ဂျပန်မှ အကီတိုရှီတာမူယာနှင့် ထိုးသတ်မည့် မြန်မာနိုင်ငံမှ ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ရှင် အေးဗိုစိန်(လယ်/ဆည်)။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ဝယ်လ်တာဝိတ်တန်းတွင် မြန်မာလက်ဝှေ့ကျော် အေးဗိုစိန်နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဂျပန်မှ လက်ဝှေ့ကျော် အကီတိုရှီတာမူယာ။

ရွှေဆိုင်း

မြန်မာပြည် လက်ရှိချန်ပီယံ ရွှေဆိုင်း (ဇာနည်မောင်ကလပ်) သည် အသက် ၂၄ နှစ်ရှိပြီး ကိုယ်အလေးချိန် ၇၃ ကီလိုဖြစ်သည်။ ရွှေဆိုင်းသည် ပွဲအရေအတွက် ၁၃ ပွဲထိုးပြီး နိုင်ပွဲ ၁၀ ပွဲ၊ ရှုံးပွဲတစ်ပွဲ၊ သရေ နှစ်ပွဲကျထားသည်။ ရွှေဆိုင်း၏ နည်းပြဆရာမှာ ရိုးရိုးထွေး(ဇာနည်မောင်ကလပ်) ဖြစ်သည်။

ယိုရှီတိုရိုနီမီ

မြန်မာပြည်လက်ရှိချန်ပီယံရွှေဆိုင်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဂျပန် ကစ်ဘောက်ဆင်သမား ယိုရှီတိုရိုနီမီသည် အသက် ၂၄ နှစ်ရှိပြီး အရပ်မှာ ရွှေဆိုင်းထက် ခုနစ်စင်တီမီတာခန့် ပိုရှည်သည်။

ကစ်ဘောက်ဆင်သမား တာကာဟာရူ ယာမာမိုတိုတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

နိုင်းဝမ်းလေး

လိုက်ဝယ်လ်တာဝိတ်တန်းတွင် ရှုံးပွဲမရှိ နိုင်ပွဲများစွာ ပိုင်ဆိုင်ထားသူ နိုင်းဝမ်းလေး (မြို့တော်စည်ပင်) မှာ အသက် ၂၄ နှစ်ရှိပြီး ကိုယ်အလေးချိန် ၆၄ ကီလိုဖြစ်သည်။ ပွဲအရေအတွက် ၃၀ ထိုးထားပြီး နိုင်ပွဲ ၂၀ နှင့် သရေ ၁၀ ပွဲ ကျထားသည်။ ထူးခြားချက်မှာ နိုင်းဝမ်းလေးသည် ရှုံးပွဲမရှိ၊ နိုင်ပွဲများစွာနှင့် ရွှေခါးပတ်ချန်ပီယံဆုကို ပိုင်ဆိုင်ထားသူဖြစ်သည်။

တာကာဟာရူယာမာမိုတို

နိုင်းဝမ်းလေးနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဂျပန်လက်ဝှေ့ကျော် တာကာ

အေးဗိုစိန်

ဝယ်လ်တာဝိတ်တန်းတွင် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင် အေးဗိုစိန် (လယ်/ဆည်)၏ အသက်မှာ ၂၃ နှစ်ဖြစ်ပြီး ကိုယ်အလေးချိန်မှာ ၆၇ ကီလိုဖြစ်သည်။ ပွဲအရေအတွက် ၁၀ ပွဲထိုးထားပြီး နိုင်ပွဲ ရှစ်ပွဲနှင့် သရေ နှစ်ပွဲကျထားသည်။ ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရထားပြီး ရှုံးပွဲမရှိသေးသူဖြစ်သည်။

အေးဗိုစိန်သည်လည်း နိုင်းဝမ်းလေးနည်းတူ ရှုံးပွဲမရှိဖြင့် အောင်လံလွှင့်ထားသော မြန်မာလက်ဝှေ့ကျော် လူငယ်တစ်ဦးဖြစ်သည်။

အကီတိုရှီတာမူယာ

ဝယ်လ်တာဝိတ်တန်းတွင် အေးဗိုစိန်နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဂျပန်လက်ဝှေ့ကျော် အကီတိုရှီတာမူယာမှာ အေးဗိုစိန်နှင့် အသက်တူဖြစ်သည်။

(သစ်တော)နှင့် ကျော်ဆန်း (KLN) တို့ နှစ်ဦး လျာထားသော်လည်း ဝင်းထွန်း ထိုးဖြစ်ရန်များသည်။ မြန်မာပြည် ရွှေခါးပတ် ချန်ပီယံ ဝင်းထွန်းသည် အသက် ၂၄ နှစ်ရှိပြီး ကိုယ်အလေးချိန်မှာ ၅၇ ကီလိုဖြစ်သည်။ ပွဲအရေအတွက် ပွဲ ၃၀ ထိုးထားပြီး နိုင်ပွဲ ၁၅ ပွဲ၊ ရှုံးပွဲ ငါးပွဲ၊ သရေ ၁၀ပွဲ ကျထားသည်။

မြန်မာ-ဂျပန် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲများအပြင် ကြားပွဲများ၊ အထူးလေးချီစိန်ခေါ်ပွဲ၊ မြန်မာအမျိုးသမီးလက်ဝှေ့ပွဲနှင့် မြန်မာကလေးများ၏ ရိုးရာလက်ဝှေ့စွမ်းပကားများလည်း ဇူလိုင် ၁၀ ရက်နှင့် ၁၁ ရက်များတွင် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကြည့်စားကြရမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

၄၈၄ မက်ထရစ်တန်သို့လည်းကောင်း သိသိသာသာ လျော့ကျသွားသည်ကို အထင်အရှား တွေ့မြင်နိုင်ပေသည်။

ထို့ကြောင့် ၂၀၀၂ ခုနှစ် ဩဂုတ် ၂၇ ရက်နေ့တွင် UN Information Service၏ ထုတ်ပြန်ကြေညာချက်၌ **မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် လျော့ကျရေးဆောင်ရွက်ချက်များသည် မှန်ကန်သော လုပ်ရပ်များဖြစ်ကြောင်း၊ သို့သော် ရေရှည်အောင်မြင်မှုရရှိရေးတွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်း ဆောင်ရွက်၍မရဘဲ နိုင်ငံတကာမှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှု လိုအပ်မည်ဖြစ်သည်** ဟု ဖော်ပြခဲ့ပေသည်။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းမှုသည် မည်သည့်နိုင်ငံထံကမျှ ကူညီထောက်ပံ့မှု မရရှိပဲ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင်မှုကြောင့် ယခုကဲ့သို့ အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ပေသည်။

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ပန်းတိုင်သစ်စီမံကိန်း အကောင်အထည်ဖော်မှု ရလဒ်ကြောင့်လည်းကောင်း ဘိန်းစိုက်ပျိုးမှု/ထုတ်လုပ်မှုများ သိသိသာသာ လျော့နည်းကျဆင်းလာပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းသည် သတ်မှတ်ထားသည့် ကာလအတွင်း မလွဲမသွေ အောင်မြင်ရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

မြန်မာ့ရုပ်မြင်သံကြား

၂၅-၆-၂၀၀၄
(သောကြာနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓာ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၁၀ ၆။ ကြေးမုံရိပ်သွင် တေးနုယဉ်
၈:၂၀ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈:၃၀ ၈။ International News
၈:၄၅ ၉။ English for Everyday Use

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇:၁၅ ၆။ အိမ်တွင်းမှုသိပ္ပံ တိုင်းရင်းသား ရိုးရာအစားအစာ (ချင်း)
၁၇:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၄၀ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇:၅၀ ၉။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၅၅ ၁၀။ ရွှေလီတံတား
၁၈:၀၀ ၁၁။ တေးဂီတအစီအစဉ်
၁၈:၁၀ ၁၂။ Discovery
၁၈:၂၀ ၁၃။ နှောင်းခေတ်တေးပဒေသာ
၁၈:၃၀ ၁၄။ ညနေခင်းသတင်း
၁၉:၀၀ ၁၅။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်" အပိုင်း(၃၄)**
၁၉:၃၅ ၁၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၁၉:၄၅ ၁၈။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ မြန်မာဗီဒီယိုဇာတ်လမ်း **"အချစ်၏ဂုဏ်သိက္ခာ"** (အပိုင်း-၂) ဝေဠုကျော်၊ မြတ်ကေသီအောင်၊ နန္ဒာလှိုင် ဒါရိုက်တာ- မောင်နီလွင် (သပြု)

နံနက်ပိုင်း

၁:၁၅ ၂၃။ **Euro 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် ကွာတားဖိုင်နယ်ပွဲစဉ်(၂) (ပြင်သစ်နှင့်ဂရိ)**

မှတ်သားဖွယ်ရာမိုးရေချိန်များ

သထုံမြို့	**၁၃ ဒသမ ၉၀ လက်မ**
ဘားအံမြို့	**၁၂ ဒသမ ၄၄ လက်မ**
ကော့ကရိတ်မြို့	**၁၁ ဒသမ ၂၆ လက်မ**
ဟသ်ာတမြို့	**၁၀ ဒသမ ၀၀ လက်မ**
သံတွဲမြို့	**၆ ဒသမ ၈၉ လက်မ**
ကျောက်တော်မြို့	**၅ ဒသမ ၄၇ လက်မ**
သာယာဝတီမြို့	**၄ ဒသမ ၈၈ လက်မ**
ဇောင်းတူမြို့	**၄ ဒသမ ၁၃ လက်မ**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်းသိကောင်းစရာများဟောပြောစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများသူနာပြုတက္ကသိုလ်၌ဟောပြော

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့နှင့် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသော မြန်မာ နိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲကို ဇွန် ၂၁ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြု တက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဟောပြောပွဲသို့ မြန်မာနိုင်ငံအမျိုး သမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ်အမှု ဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ တာဝန်ခံများ၊ ရန်ကုန်သူနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဒေါ်မေဝင်းအောင်ခင်၊ ဒုတိယ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် သူနာပြုတက္ကသိုလ် ကျောင်းသူများ စုစုပေါင်း ၇၀၀ခန့် တက်ရောက်ကြသည်။

ရှင်းလင်းဟောပြော

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်ဒုတိယ ဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံ၊ နောက်ခံသမိုင်းနှင့် လုပ်ငန်းတာဝန်များအကြောင်းကို အသေးစိတ်ရှင်းလင်း ဟောပြောသည်။

အမှတ်တရလက်ဆောင်ပေး

ထို့နောက် မြန်မာနိုင်ငံအမျိုး သမီးရေးရာအဖွဲ့ချုပ် အကြောင်း သိကောင်းစရာ ဟောပြောသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း အား တိုင်းရင်းသား ရေးရာလုပ်ငန်းအဖွဲ့၊ စည်းရုံးရေး လုပ်ငန်းအဖွဲ့နှင့် ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းအဖွဲ့ တို့မှ တာဝန်ရှိသူများနှင့် ရန်ကုန်သူနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဒေါ်မေဝင်းအောင်ခင်တို့က အမှတ်တရ လက်ဆောင်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

(၁၈၆)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဇူလိုင် ၁ ရက်တွင် တစ်ရက်တည်းအပြီးဖွင့်မည်

ရန်ကုန် ဇွန် ၂၄

(၁၈၆)ကြိမ်မြောက် ငွေကျပ် ၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဇူလိုင် ၁ ရက် နံနက် ၉နာရီမှစတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီး အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄၊ မဟာဗန္ဓုလ လမ်းနှင့် ၃၇လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲ ခန်းမဆောင်၌ ဖွင့်လှစ်မည်ဖြစ်သည်။

ဖွင့်လှစ်ပေးမည်

ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ကျပ်သိန်း ၃၀၀ တစ်ဆု၊ ကျပ်သိန်း၅၀ ၂၉ဆု၊ ကျပ် ၂၅ သိန်း ၁၂ဆု၊ ကျပ်ခြောက်သိန်း ၆၆၅ ဆု၊ ကျပ် ငါးသိန်း နှစ်ဆု၊ ကျပ်လေးသိန်း လေးဆု၊ ကျပ်နှစ်သိန်း ၁၅ဆု၊ ကျပ် တစ်သိန်း ၁၇၁ ဆု၊ ကျပ်ရှစ်သောင်း ၂၄ ဆု၊ ကျပ်ငါးသောင်း ၁၇၁၀ ဆု၊ ကျပ်လေးသောင်း ၄၆ ဆု၊ ကျပ်နှစ် သောင်း ၃၃၃ဆု၊ ကျပ်တစ်သောင်း ၁၇၁၀၀ဆု စုစုပေါင်း ၂၀၁၁၂ဆု ဖွင့်လှစ်ပေးသွားမည် ဖြစ်သည်။

သက်ဆိုင်ရာမှကြေညာထား

ယခု (၁၈၆)ကြိမ်မြောက် ငွေကျပ် ၅၀ တန်ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဇူလိုင် ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေး မည်ဖြစ်ကြောင်းနှင့် ဆုငွေကျပ်ငါးသိန်းနှင့် အောက်ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထား တင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သက်ဆိုင်ရာမှ ကြေညာထားသည်။

(သတင်းစဉ်)

ဇွန် ၂၃ရက်က အပြည်ပြည် ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောက်ဥက္ကလာပ မြို့နယ် သမဝါယမ အသင်းများကစုပေါင်း၍စာရင်းစစ်ကြေးငွေများ ပေးအပ်ပွဲတွင် သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးတင်ဝင်းက မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦး အေ ရာ ရှစ် ထံ စာရင်း စစ်ကြေးငွေများ ပေးအပ်စဉ်။

(၃၂၂)

မိတ္တူကူးစက်နှင့် ပရင်တာစာကူးစက်လှူဒါန်း

ရန်ကုန် ဇွန် ၂၄

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာနနည်းပညာနှင့်စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးဦးစီးဌာနမှနိုင်ငံခြားရေး ဝန်ကြီးဌာနသို့ မိတ္တူကူးစက်တစ်လုံး နှင့်ပရင်တာစာကူးစက်တစ်လုံးတို့အား ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယမန်နေ့နံနက်၁၁နာရီက နိုင်ငံခြား ရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ နှင့်စီးပွားရေးဦးစီးဌာနမှညွှန်ကြားရေး မှူးချုပ်ဦးဝင်းမြင့်က မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr.Suphot Dhirakaosal ထံမှအဆိုပါ လှူဒါန်း ပစ္စည်းများအား လက်ခံရယူသည်။

(သတင်းစဉ်)

The Rundown ဇာတ်ကား နေပြည်တော်ရုံဝင်လာ ပြသဆဲ မြန်မာဇာတ်ကားများ ဆက်လက်ပြသ

ရန်ကုန် ဇွန် ၂၄

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ်များဝင်လာခြင်းမရှိဘဲ The Rundown ဇာတ်ကား နေပြည်တော်ရုံဝင်လာသည်။

ဒါရိုက်တာ Peter Berg ရိုက်ကူးပြီး The Rock, Seann William Scott, နှင့် Christopher Walker တို့ ပါဝင် သရုပ်ဆောင်သည့် The Rundown ဇာတ်ကားသည် ဘရာဇီးနိုင်ငံအမေဇုန်သစ်တောကို နောက်ခံပြု ရိုက်ကူးထားသော ဇာတ်ကားတစ်ကားဖြစ်သည်။

ရှောင်တိမ်းနေသူများ၊ ပျောက်ဆုံးနေသူများကိုဖမ်းဆီးပေးခြင်းအလုပ်ဖြင့် အသက်မွေး ဝမ်းကျောင်းပြုနေသူ ဘတ်(ခ်)။

အမေဇုန်တောတွင်း အယ်ဒိုရာဒိုမြို့လေးတွင် ဒေသခံများကို ကျွန်အဖြစ်စေခိုင်း ပြီး ရွှေတွင်းတူးဖော်ရေး

The Rundown ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

လုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်နေသူ ဟက်ချာ။

ဟက်ချာ၏ ရွှေတွင်းတူးဖော်ရေးလုပ်ငန်းတွင်စေခိုင်းခြင်းခံနေရသူဒေသခံများ ကျွန်ဘဝလွတ်မြောက်ရေး ကြိုးပမ်းနေသူ တိုင်းရင်းသူလေး မာရီးယားနား။

အမေဇုန်တောကြီးထဲရောက်နေပြီး မာရီးယားနားနှင့် ချစ်သူဖြစ်နေသူ ထရဲဗစ္စ။

ရုပ်ရှင်သတင်းထောက်

ဘတ်(ခ်)မှာ ထရဲဗစ္စ၏ ဖခင် တာဝန်ပေးစေခိုင်းချက်အရ ၎င်း၏ သားဖြစ်သူ ထရဲဗစ္စအား ခေါ်ဆောင်ရန် အမေဇုန်တောသို့ ရောက်ရှိလာပြီး ဘတ်(ခ်)နှင့် တွေ့ပုံ၊ ဘတ်(ခ်)၊ ထရဲဗစ္စ၊ မာရီးယားနားနှင့် ဟတ်ချာတို့ ဂတ်တိုအမည်ရှိ အဖိုးတန်ရှေးဟောင်းကြောင်ပုံ ရွှေရုပ်တုလေးရရှိရေး အပြိုင်အဆိုင် ကြိုးပမ်းရာဖွေပုံများကို အပစ်အခတ် အသတ်အပုတ်များဖြင့် စွန့်စွန့်စားစား ရိုက်ကူးထားသော အက်ရှင်ကားတစ်ကားဖြစ်သည်။

‘စတိုင်’ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

သမ္မတ၊ သွင်၊ မင်္ဂလာအဆင့်မြင့်ရုံများတွင် ဒါရိုက်တာမိုက်တီးရိုက်ကူးပြီး လွင်မိုး၊ ရာဇာနေဝင်း၊ အိန္ဒြာကျော်ဇင်၊ စိုးမြတ်နန္ဒာတို့ ပါဝင်သရုပ်ဆောင်ထားသော **‘စတိုင်’** ဇာတ်ကား ဆက်လက် အောင်ပွဲခံပြသနေသည်။ စတိုင်ဇာတ်ကားမှာ မြန်မာအမျိုးသမီးလေးများ မိမိတို့ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းမြတ်နိုးတတ်ရန် ပညာပေး ရိုက်ကူးထားသော ဇာတ်ကားတစ်ကားဖြစ်သည်။ ရွှေ့ဆောင်ရုံတွင် ဒါရိုက်တာ မလိခစိုးထိုက်အောင် ရိုက်ကူးပြီး ဒွေး၊ ထက်ထက်မိုးဦးတို့ ပါဝင်သရုပ်ဆောင်ထားသော **‘တစ်ခါ တစ်ရံ၌ အချစ်သည် ဤသို့ဖြစ်တတ် သည်’** ဇာတ်ကား ရုံဝင်လာသည်။

‘တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ ဖြစ်တတ်သည်’ဇာတ်ကားမှ ဒွေးနှင့်ထက်ထက်မိုးဦးတို့၏ သရုပ်ဆောင်ဟန်။

မင်းသိခ်၏ဝတ္ထုကို ဒါရိုက်တာ ခင်စောမျိုးရိုက်ကူးပြီး ကျော်ဟိန်း၊ ဝေဠုကျော်၊ ခန့်စည်သူ၊ နဝရတ်၊ အောင်ခိုင်၊ အောင်ပိုင်၊ သတိုးစောတို့ ပါဝင်သရုပ်ဆောင်ထားသော **‘သေသော သူသည်သုသာန်သို့သွားသည်’** ဇာတ်ကား ရွှေဂုန်ရုံတွင် ဝင်လာသည်။

ဒါရိုက်တာ K.S. Ravi Kumar ရိုက်ကူးပြီး Ajit Kumar, Meena နှင့် kiran တို့ ပါဝင်သရုပ်ဆောင်ထား သော Villan ဇာတ်ကားမြို့မရုံတွင် ရုံဝင်လာသည်။ ။

(မြန်မာ့အလင်း)

မှော်ဝင်ကြိုး ဇူလိုင် ၂ရက်၌ရုံဝင်မည်

ကြိုးကတော့ ရိုးရိုးဂစ်တာကြိုးလေးတွေပါပဲ၊ အဲဒီဂစ်တာကြိုးလေးတွေကို မှော်ဝင်ကြိုးဖြစ်ဖို့ မှော်ဆရာရဲ့လက်တစ်စုံ လိုပါတယ်...ဆိုတဲ့ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)က “မှော်ဝင်ကြိုး”ဇာတ်ကားကို လူမင်း၊ ရာဇာ နေဝင်း၊ဟက်ကက်၊ ဇျိုက်၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်းတို့နှင့် ရိုက်ကူး ထားပါတယ်။ ဇူလိုင် ၂ရက်နေ့မှာ သမ္မတ၊ မင်္ဂလာ၊ သွင်၊ အဆင့်မြင့် ရုပ်ရှင်ရုံများတွင် အပြိုင်ရုံဝင်လာမည်ဖြစ်သည်။ (မြန်မာ့အလင်း)

လတ်ဗီးယားကိုဂိုးပြတ်သွင်းပြီးဟော်လန်ကွာတားတက် ချက်ကိုရှုံး၍ နာမည်ကြီးဂျာမနီ အိမ်ပြန်စောခဲ့ရပြီ

ရန်ကုန် ဇွန် ၂၄

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ (Euro 2004) ကို ပေါ်တူဂီနိုင်ငံ၌ ကျင်းပလျက်ရှိရာ အုပ်စုပွဲစဉ်များပြီးဆုံးသွားပြီ ဖြစ်သည်။ ဇွန် ၂၄ရက်မြန်မာစံတော်ချိန် နံနက် ၁ နာရီ၁၅ မိနစ်၌ အုပ်စု(ဃ) နောက်ဆုံးပွဲစဉ်များကို ကျင်းပရာ ဟော်လန်အသင်းက လတ်ဗီးယားအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ချက်အသင်းက ဂျာမနီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဟော်လန်ဂိုးပြတ်နိုင်

လိမ္မော်ရောင်ဟော်လန်အသင်းသည် ဂျာမနီကချက်ကို နိုင်သည်၊ ရှုံးသည်၊ အသာထား၍ လတ်ဗီးယားအသင်းကို အနိုင်ကစားရန် လိုအပ်သည်ဖြစ်ရာ လူစုံတက်စုံဖြင့် အိတ်သွန်ဖာမှောက်ကစားပြီး ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ဟော်လန်အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၂၇မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် တိုက်စစ်မှူး နစ္စတယ်ရွှိုင်းက သွင်းယူသည်။ ဒုတိယဂိုးကို ပွဲချိန် ၃၅မိနစ်၌ နစ္စတယ်ရွှိုင်းကပင် ခေါင်းတိုက်သွင်းယူသည်။

ဟော်လန်အသင်းအတွက် တတိယဂိုးကို နစ္စတယ်ရွှိုင်းအစား လူစားဝင်လာသည့် ရွှိုင်းမက်ကေးက ပွဲချိန်မိနစ် ၇၀ တွင်သွင်းယူသည်။ ဟော်လန်အသင်းသည် လတ်ဗီးယားအသင်းကို အနိုင်ရရှိခဲ့သော်လည်း ဂျာမနီကို ချက်က အနိုင်ရသွားကြောင်းသိရပြီးမှသာ ပျော်ရွှင်နိုင်ခဲ့ကြသည်။

ဂျာမနီထွက်ရ

နာမည်ကြီးဂျာမနီအသင်းသည် လူစုံတက်စုံပွဲထုတ်ပြီး တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း အရန်လူများနှင့် ပွဲထွက်လာသည့် ချက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သွားရသည်။ ဂျာမနီအသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ရာ ပွဲချိန် ၂၁မိနစ်တွင် အလယ်တန်းလူ မိုက်ကယ်ဘောလက်ကကန်သွင်းယူသည်။ ချက်အသင်းအတွက် ချေပဂိုးကို ပွဲချိန် မိနစ်၃၀တွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် ဟိန့်ဇ်က သွင်းယူပေးသည်။ဒုတိယဂိုးကို ပွဲချိန် ၇၇မိနစ်တွင် မီလန်ဘားရို့စ်က သွင်းယူခဲ့သည်။ **(မြန်မာ့အလင်း)**

■ အုပ်စု(ဃ)ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	ချက်	၃	၃	-	-	၇	၄	၉
၂	ဟော်လန်	၃	၁	၁	၁	၆	၄	၄
၃	ဂျာမနီ	၃	-	၂	၁	၂	၃	၂
၄	လတ်ဗီးယား	၃	-	၁	၂	၁	၅	၁

☆ ကျောဖုံးမှ

ကွာတားဖိုင်နယ်ပွဲစဉ်(၂)

ဇွန် ၂၆ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၅မိနစ်တွင် ကွာတားဖိုင်နယ်ပွဲစဉ်(၂)အဖြစ် လက်ရှိချန်ပီယံ ပြင်သစ်နှင့် ဂရိအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

လက်ရှိချန်ပီယံ

လက်ရှိချန်ပီယံ ပြင်သစ်အသင်းသည် အုပ်စု(ခ)၌ ပါဝင်ခဲ့ပြီး အင်္ဂလန်ကို နှစ်ဂိုး-တစ်ဂိုး၊ဆွစ်ဇာလန်ကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ခရိုအေးရှားနှင့် နှစ်ဂိုးစီသရေကျခဲ့သည်။ ပြင်သစ်အသင်းသည် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ (၇)မှတ်ဖြင့် အုပ်စုပထမရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။ သုံးပွဲကစားရာတွင် ခုနစ်ဂိုးသွင်းပြီး လေးဂိုးအသွင်းခံခဲ့ရသည်။ ပြင်သစ်အသင်းအတွက် ဇီဒန်းက သုံးဂိုး၊ အွန်နရီက နှစ်ဂိုး၊ထရက်ဇီဂေးက တစ်ဂိုး သွင်းယူပေးထားသည်။

ထိခိုက်ဒဏ်ရာရရှိမှု

ပြင်သစ်နောက်တန်းလူ ဝီလီဆစ်ဂနောသည် ဆွစ်ဇာလန်နှင့်ပွဲတွင် ဘယ်လက်ကျိုးသွားသဖြင့် လက်ကျန်ပွဲစဉ်များတွင် ပါဝင်ကစားနိုင်တော့မည်မဟုတ်ပေ။ ပြင်သစ်အသင်းတွင် ဗီယာရာနှင့် ဂါးလ်လက်စ်တို့လည်း ဒဏ်ရာရရှိနေကြသည်။ ဗီယာရာက ပေါင်ကြွက်သား နာနေပြီး ဂါးလ်လက်စ်က ဘယ်ခြေကျင်းဝတ် လည်သွား၍ အသင်းဆရာဝန်ကစောင့်ကြည့်ကုသပေးနေရသည်။

အဝါကတ်

ပြင်သစ်အသင်းတွင် အနီကတ်ဖြင့် ပွဲပယ်ခံထားရသူမရှိဘဲ အဝါကတ်ပြခံရသူများသာရှိနေသည်။ ပြင်သစ်အသင်းမှ ရောဘတ်ပီရက်စ်၊ ဆီဗက်စတာ၊ ဗီယာရာ၊ ဒါကုတ်နှင့် အွန်နရီတို့ အဝါကတ်များ ပြခံထားရသည်။ ပြင်သစ်အသင်းသည် အင်္ဂလန်နှင့် ခရိုအေးရှားပွဲများတွင် ပယ်နယ်တီပြစ်ဒဏ်ဘောများပေးခံခဲ့ရပြီး နှစ်ကြိမ်စလုံး နောက်တန်းလူ ဆီဗက်စတာကြောင့် ပေးရခြင်းဖြစ်သည်။

ဂရိအသင်း

ဂရိအသင်းသည် အုပ်စု(က)၌ ပါဝင်ခဲ့ပြီးအိမ်ရှင်ပေါ်တူဂီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး စပိန်အသင်းနှင့်တစ်ဂိုးစီသရေကျကာ ရုရှားကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးခဲ့သည်။ သုံးပွဲကစားရာတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး (၄)မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ကွာတားဖိုင်နယ်တက်ရောက်လာခြင်းဖြစ်သည်။ ဂရိအသင်းသည် သုံးပွဲတွင် လေးဂိုးသွင်းပြီး လေးဂိုးအသွင်းခံခဲ့ရသည်။

ဂရိအသင်းအတွက် ကာရာဂူးနစ်၊ ဘာစီနက်စ်၊ အန်ဂျလိုခရစ္စတီးနှင့်ဗရီဇတ်စ်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ ဂရိအသင်းသည် ပွဲတိုင်းဂိုးသွင်းယူနိုင်သကဲ့သို့ ပွဲတိုင်းဂိုးသွင်းခံခဲ့ရသည်။

ပွဲပယ်ခံရမည်

ဂရိအသင်းမှ ယူရို၂၀၀၄ပြိုင်ပွဲ၏ အဖွင့်ဂိုးသွင်းရှင် ကာရာဂူးနစ်သည် ဂရိနှင့်ရုရှားပွဲပြီးပြီးချင်း အရန်ခုံမှထ၍ ဂရိအသင်းအလံကိုင်ကာ ကွင်းအတွင်း ပြေးဝင်ပြီး ကစားဖော်များနှင့်အတူ အောင်ပွဲခံခဲ့ရာ အားကစားသမားကောင်းမပီသသောလုပ်ရပ်ဟု သတ်မှတ်ပြီး ယူအီးအက်ဖ်အစေည်းကမ်းထိန်းသိမ်းရေးအဖွဲ့က အရေးယူမည်ဟုသိရသည်။ ကာရာဂူးနစ်သည် ပေါ်တူဂီနှင့် စပိန်ပွဲစဉ်များတွင် အဝါကတ်ပြခံခဲ့ရသည့်အတွက် ရုရှားနှင့်ပွဲတွင် မပါဝင်ခဲ့ရဘဲ ပွဲပယ်ခံခဲ့ရသည်။ ကာရာဂူးနစ်သည် ပြင်သစ်နှင့်ကစားမည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပါဝင်ကစားခွင့်ရရန် မသေချာတော့ချေ။

တိုက်စစ်မှူးဗရီဇတ်စ်သည် အဝါကတ် နှစ်ကြိမ်ထိထားသောကြောင့် ပွဲပယ်ခံရမည်ဖြစ်၍ ရှေ့တန်းအားနည်းသွားနိုင်သည်။ ဂရိအသင်းမှ ဒဲလက်၊ ဖီဆက်၊ ဆီထရိုက်ဒစ်၊ ကိုပိုလတ်စ်နှင့်ကာဆိုရာနစ်တို့ အဝါကတ် တစ်ကြိမ်စီထိထားကြသည်။ ဂရိအလယ်တန်းလူ ဂျီယန်နာကိုပိုလတ်စ် (ဘော်လတန်)သည် ရုရှားနှင့်ပွဲတွင် ဒဏ်ရာကြောင့် မပါဝင်နိုင်ခဲ့သော်လည်း ကြွခိုင်မှုပြည့်ဝနေပြီဖြစ်၍ ပြင်သစ်နှင့်ပွဲတွင် တာထွက်အသင်း၌ ပါဝင်လာနိုင်ဖွယ်ရှိသည်။

ပြင်သစ်နည်းပြ ဂျက်ဆန်တီနီ ဂရိကိုအနိုင်ကစားပြမည်လော။ (ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်အသင်းသားများ ဤသို့ အောင်ပွဲခံ ပျော်မြူးနိုင်ကြမည်လား။ (ဓာတ်ပုံ-အင်တာနက်)

ဂျက်ဆန်တီနီ

ပြင်သစ်နည်းပြ ဂျက်ဆန်တီနီသည် ပေါ်တူဂီနည်းပြ စကိုလာရီ၊ အင်္ဂလန်နည်းပြ အဲရစ်ဆင်တို့နှင့် ယှဉ်လျှင် လူသိများထင်ရှားလှသည် မဟုတ်ပေ။ ပြင်သစ်အသင်းကလက်ရှိချန်ပီယံဖြစ်သလို နာမည်ကြီးဘောလုံးသမားများပါဝင်နေ၍ နည်းပြ ဂျက်ဆန်တီနီကိုလည်း အများက အာရုံစိုက်ခြင်း ခံရသည်။ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပွဲတွင် ပြင်သစ်အသင်းအုပ်စုမှ လှည့်ပြန်ခဲ့ရပြီးနောက် ပြင်သစ်အသင်းကို ဂျက်ဆန်တီနီ တာဝန်ယူခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂျက်ဆန်တီနီ၏ လက်ထက်တွင် ပြင်သစ်အသင်း၏ခြေစွမ်းအမှန်အကန်ကို မြင်တွေ့ခွင့်ရသည်မှာ ယူရို ၂၀၀၄ အုပ်စု(ခ)ပွဲစဉ်များပင်ဖြစ်သည်။ ပြင်သစ်အသင်းသည် အင်္ဂလန်အသင်းကို မိနစ် ၉၀အထိ တစ်ဂိုးရှုံးနေပြီးမှ ဇီဒန်း၏ အလွတ်တည်ကန်ဘောနှင့် ပယ်နယ်တီဘောတို့ဖြင့် နှစ်ဂိုးပြန်သွင်းကာ အနိုင်ရရှိခဲ့သည်။ အင်္ဂလန်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ပြင်သစ်နည်းပြဂျက်ဆန်တီနီကို ချီးကျူးခဲ့ကြသူများလည်း ရှိသည်။

လူအပြောင်းအလဲ

ပြင်သစ်နည်းပြ ဂျက်ဆန်တီနီ၏ အိုင်ဒီယာကောင်းမွန်မှုကို ခရိုအေးရှားနှင့်ပွဲတွင် ထင်သာမြင်သာ ရှိခဲ့သည်။ အင်္ဂလန်နှင့်ပွဲတွင် ကစားကွက်နှင့် အံမဝင်ခဲ့သောဘယ်နောက်ခံလူ လီဇာရာဇူး၊ မက်ခီလီလီနှင့် ရောဘတ်ပီရက်စ် တို့ကို ခရိုအေးရှားနှင့်ပွဲတွင် ပထမတာထွက်အသင်း၌ မထည့်ဘဲ အိုလီဗာဒါကုတ်၊ မာဆယ် ဒက်ဆယ်လီနှင့် ဝီးလ်တော့ဒ်တို့ကို ထုတ်သုံးခဲ့သည်။ ခရိုအေးရှားနှင့်ပွဲတွင်လည်း ဝီးတော့ဒ်၊ ဒါကုတ်နှင့် ဂါးလ်လက်စ်တို့ကို ဝီလီဆစ်ဂနော၊ ပင်ဒရာတီ၊ ပီရက်စ်တို့နှင့် အချိန်ကိုက် လူစားလဲနိုင်၍ အဖိုးတန်(၁)မှတ်ရခဲ့သည်။

ဆွစ်ဇာလန်ကို ဂိုးပြတ်နိုင်သောပွဲတွင်ခြေကျပြီး လေးနေသောနောက်ခံအတွင်းလူ ဒက်ဆယ်လီကို အနားပေးကာ ဝီလီဆစ်ဂနောကို ပွဲထုတ်ခဲ့ပြီး ဒုတိယပိုင်းတွင် ထရက်ဇီဂေးအစား ဆာဟာကို ထည့်ကာ ဆွစ်ဇာလန်နောက်တန်းကို အာရုံလှည့်စားခဲ့သည်။ ဆာဟာ၏ ဖန်တီးပေးမှုဖြင့် အွန်နရီ တစ်ဂိုးသွင်းနိုင်ခဲ့သည်။

နှိုင်းယှဉ်သုံးသပ်ရသော်

ပြင်သစ်အသင်းနှင့် ဂရိအသင်းတို့၏ ခြေစွမ်းကို နှိုင်းယှဉ်သုံးသပ်ရလျှင် ကစားကွက်အရရော၊ ကစားသမားပါဝင်မှုအနေအထားပါ အဘက်ဘက်မှ ပြင်သစ်က ဝါးတစ်ပြန်လောက် သာနေသည်ကို တွေ့ရသည်။

ပြင်သစ်အသင်းမှ ဂိုးသမား ဘားသက်ဇ် လက်စွမ်းပြနေသလို နောက်တန်းလူများဖြစ်သော လီဇာရာဇူး၊ ဒက်ဆယ်လီ၊ ဆီဗက်စတာ၊ သူရမ်တို့ ကမ္ဘာ့အဆင့်မီနောက်တန်းများ ဖြစ်ကြသည်။ ဒက်ဆယ်လီနှင့်လီဇာရာဇူးတို့ အသက်အရွယ်အရ ခြေကျနေပြီဟု ဆိုနိုင်သော်လည်း ဘွန်ဆောင်း၊ ဂါးလ်လက်စ်တို့ ကစားအားကောင်းကြ၍ အရေးအကြောင်းဆိုလျှင်ဝင်ကစားနိုင်သည်။

အလယ်တန်း၌ ဇီဒန်း၊ ဗီယာရာ၊ မက်ခီလီလီ၊ရောဘတ်ပီရက်စ်၊ဒါကုတ်၊ ရိုသန်နှင့်ပင်ဒရာတီတို့ပါဝင်ရာအားလုံး ကမ္ဘာ့အဆင့်မီအလယ်တန်းများ ဖြစ်ကြသည်။ အလယ်တန်း အင်အားကောင်းလွန်းသဖြင့် နည်းပြ ဂျက်ဆန်တီနီ အသုံးမချတတ်လျှင် ငါးသိုင်းများပြီး ဟင်းဟုန်မည့်အချက်ပဲ ပြောစရာရှိသည်။ ဇီဒန်းနှင့်ဗီယာရာတို့ကို အခြားသင့်လျော်သူနှစ်ဦးနှင့် တွဲပေးရန်သာရှိသည်။

ရှေ့တန်း၌ထရက်ဇီဂေး၊ အွန်နရီ၊ ဆာဟာ၊ ဂိုဗူး၊ မာလေးနှင့်ဝီးလ်တော့ဒ်တို့ပါဝင်နေရာ ယူရို ၂၀၀၄ ပြိုင်ပွဲဝင်အသင်းများအနက် ရှေ့တန်းအားအကောင်းဆုံးပင်ဖြစ်နေသည်။

ဂရိမယှဉ်နိုင်

ဂရိအသင်းတွင် တစ်ဦးချင်းထူးချွန်သူဆို၍ လောက်လောက်လားလားပြစရာမရှိပေ။အသင်းလိုက်ကစားအားနှင့်မာကျောမှုကိုပဲ အကောင်းဆုံးအဖြစ်ပြောစရာရှိသည်။ အိမ်ရှင် ပေါ်တူဂီကိုနိုင်သည့်အချက်ကိုကြည့်၍ ဂရိကို အထင်ကြီးခဲ့ကြသော်လည်း စပိန်နှင့်ပွဲ၊ ရုရှားနှင့်ပွဲတို့တွင် ဂရိအသင်းကစားပုံ သာမန်မျှသာရှိသည်။ အုပ်စု(က)မှ စပိန်အသင်း တက်လာသင့်ပြီး ဂရိတက်လာ၍ဘောလုံးရသပျက်သွားသည်။ စပိန်နှင့်ပြင်သစ်ဆိုလျှင် ယခုပွဲထက်ပို၍ကြည့်ကောင်းမည်ဖြစ်သည်။

ဂရိအသင်းကစားပုံမှာ အိမ်ရှင်ကိုနိုင်ခဲ့သည်ဆိုဦးတော့၊ ကြိုက်လောက်စရာမရှိပေ။ ခံစစ်ကိုလုံအောင်ပိတ်ဆို့ပြီး အခွင့်အရေးရလျှင် တန်ပြန်ထိုးဖောက်မှုသာရှိသည်။ ဂရိကစားဟန်မှာ ရိုးစင်းလွန်းလှပြီး စွဲမက်ဖွယ်မမြင်မိပေ။

ဆီမီးအလားအလာ

လက်ရှိချန်ပီယံ ပြင်သစ်အသင်းသည် အုပ်စုပထမရရှိကာ အိမ်ရှင်ပေါ်တူဂီနှင့် လွဲပြီဆိုကတည်းက ဆီမီးဖိုင်နယ်တက်ရန်အလားအလာကောင်းသွားရသည်။ ဂရိအသင်းကို လျှော့မတွက်သင့်ဟု မည်သို့ပင်ပြောကြစေကာမူ အိမ်ရှင်ပေါ်တူဂီနှင့်စာလျှင် ဂရိနှင့် ကစားရမည်မှာ ပွဲချောင်သည်ဟုဆိုရမည်။

ပြင်သစ်နိုင်မည်

ပြင်သစ်အသင်း၏ ၄-၂-၃-၁ပုံစံ လူနေရာချထားသည့် တိုက်စစ် ကစားကွက်သည် ဂရိအသင်း၏ ရိုးစင်းလှသော ခံစစ်ဦးစားပေး ၄-၄-၂ ပုံစံကစားကွက်ကို အကြိမ်ကြိမ် ဖောက်ထွက်ပြီး အဆုံးသတ်ပိုင်နိုင်လှသော အွန်နရီနှင့်ထရက်ဇီဂေးတို့က ဂိုးအဖြစ်ပြောင်းလဲကြမည်ဖြစ်သည်။

ဂျာမနီအသင်း အုပ်စုမှထွက်၍ အိမ်ပြန်သွားရပြီ ဖြစ်သည်။ ဂရိအသင်း၏ ဂျာမနီလူမျိုး နည်းပြ အော့တိုရီဟာဂျယ်သည်လည်းပြင်သစ်တို့ထံမှ ခေတ်သစ်ဘောလုံးကစားဟန်ကို စိတ်မသက်မသာ ထိုင်ကြည့်ပြီးနောက် အိမ်ပြန်ရုံသာရှိပေလိမ့်မည်။ စာရေးသူအနေဖြင့် ပြင်သစ်အသင်းက ဂရိအသင်းကို ထိုက်ထိုက်တန်တန် အနိုင်ယူကစားပြသွားလိမ့်မည်ဟု သုံးသပ်ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပြင်သစ်အသင်း၏ ကွင်းလယ်ဖန်တီးရှင်ဇီဒန်း ဂရိအသင်းကို အနိုင်ရရှိအောင် အစွမ်းပြမည်လော။ (ဓာတ်ပုံ-အင်တာနက်)

အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ စီးပွား/ကူးသန်းက ပြည်ထဲရေးကိုအနိုင်ရ

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ အုပ်စု(ဃ)မှ စီးပွား/ကူးသန်းအသင်းက ပြည်ထဲရေးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်းအသင်းအတွက် အနိုင်ဂိုးများကို မျိုးမင်းထွန်းက တစ်ဂိုးနှင့် မာလက နှစ်ဂိုး သွင်းယူပေးကြသည်။ အုပ်စု(ဃ)တွင် သုံးသင်းသာပါဝင်ရာ စီးပွား/ကူးသန်းအသင်းက တစ်ပွဲနိုင်(၃)မှတ်ရရှိပြီး ကွာတားဖိုင်နယ်တက်ရန် သေချာသွားပြီဖြစ်သည်။ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆု ချီးမြှင့်ခြင်းမရှိပေ။

ယနေ့ပွဲ

ဇွန် ၂၅ရက်(ယနေ့) ညနေ ၃ နာရီခွဲတွင် အုပ်စု(က)ပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ အောင်ဆန်းအားကစားပြိုင်ကွင်း၌ တံခွန်အသင်းနှင့် ဆောက်လုပ်ရေးအသင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အမျိုးသမီးများသိကောင်းစရာများဟောပြော၊ အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးလုပ်ငန်းအဖွဲ့က အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အင်းလျားကန်ဟိုတယ်လမ်းရှိ အမှတ်(၁)မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံဝင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်မာလာတင့်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လုပ်ငန်းအဖွဲ့ဝင်များ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်၏ဇနီး ဒေါ်မိုးမိုးမြင့်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၏ဇနီး ဒေါ်မိမိဝေ၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် စက်ရုံအထွေထွေမန်နေဂျာ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၄၀၀ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်အေးဝင်း**(အပေါ်ပုံ)**က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီးအမျိုး သမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအကြောင်း သိကောင်းစရာများကို အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒေါ်ဌေးဌေးက လည်းကောင်း၊ အမျိုးသမီးများဥပဒေအရ ရရှိထားသော အခွင့်အရေးအကြောင်း သိကောင်းစရာများကို အမျိုးသမီးများအားအကြမ်း ဖက်မှုမှ ကာကွယ်ရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ကြင်စန်းက လည်းကောင်း အသီးသီးဟောပြောကြသည်။

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာနက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့သို့ လှူဒါန်းငွေကျပ် ၁၀၀၀၀၀ ကို အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မိုးမိုးမြင့်က အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်မာလာတင့်ထံပေးအပ်ပြီးဟော ပြောပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်း၊ အမှတ် ၅၇၊ တိုက်အမှတ် (ဘီ)၊ အခန်းအမှတ်(၁/၃)ဟုခေါ်တွင်သော အခန်းသည် S.V Holding Co., Ltd.မန်နေဂျင်း ဒါရိုက်တာ ဦးစံထွန်းအောင် ၁၂/ဒပန(နိုင်) ၀၄၀၈၅၁ပိုင်ဆိုင်သုံးစွဲအကျိုးခံစားနေထိုင်ခွင့်ရှိသည့်အခန်းဖြစ်ပါသည်။ ယင်းအခန်းနှင့်တကွ နေထိုင်သုံးစွဲ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးစံထွန်းအောင်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးငွေစိုးက ရောင်းရန် ကမ်းလှမ်းသည်ကို ကျွန်ုပ်အမှုသည်က အပြီးအပိုင်ဝယ်ယူရန် သဘောတူ၍ ဦးငွေစိုး ၁၂/မဘန (နိုင်) ၀၂၁၅၆၀သို့ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ယင်းအခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့် နေ့မှခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများပြသ၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ–**

ဦးတင်ယု(တရားရုံးချုပ်ရှေ့နေ)

အမှတ် ၂၉၊ သုံးလွှာ၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးခြင်း

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၁၄၁/၁၄၃ နေ (ဘ) ဦးအေးမောင်(ခ)ဦးဘိုထိန်၏သား ကျွန်တော် ဒီဝါကရ်(ခ) မောင်ဟန်ထွန်းအောင် ၁၂/မဂတ(နိုင်)၀၇၈၇၂၂ နှင့် မဂီသာဒေဝီ(ခ)မကေသီကျော် ၁၀/မလမ(နိုင်)၁၄၁၆၆၄ (ဘ–ဦးကျော်မြင့်)တို့သည် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိကြပါသဖြင့် ၇–၆–၂၀၀၄ရက်က နှစ်ဖက်မိဘများနှင့် သက်သေများရှေ့ စာချုပ်ချုပ်ဆိုကာ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း။

မောင်ဟန်ထွန်းအောင်
၁၂/မဂတ(နိုင်)၀၇၈၇၂၂။



အမည်မှန်

အထက(၂)ကမာရွတ် အဌမတန်း(ဒီ)မှ မောင်ကျော်နန္ဒထွန်း(ခ) နိဘယ်၏ အမည်မှန်မှာ မောင်ကျော်နန္ဒထွန်းသာဖြစ်ပါသည်။ **မောင်ကျော်နန္ဒထွန်း။**





ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ကာယရပ်ကွက်၊ ၁၀ လမ်း၊အမှတ် ၂၈၅၊၂၈၆၊၂၈၇၊၂၈၈ နေထိုင်သူများ၊ ကျွန်ုပ်၏အမှုသည်များဖြစ်သော (၁)ဦးမျိုးမင်းခိုင် ၁၂/ဥကတ(နိုင်)၁၃၃၃၈၁၊ (၂)ဦးအေးလွင် ၁၄/ဒဒရ(နိုင်)၀၁၇၅၇၁၊ (၃)ဦးသန်းကြွယ်ဦး ၁၂/ဥကတ(နိုင်)၀၄၂၁၂၄၊(၄) ဦးဆန်းထူးကြွယ် ၁၂/ဥကတ(နိုင်)၁၅၆၀၇၈တို့၏လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ ကာယရပ်ကွက်၊ ၁၀ လမ်းရှိ ခြံမြေကွက်အမှတ်–၂၈၅၊၂၈၆၊၂၈၇၊၂၈၈(မနောသုခခြံ)ဟု ခေါ်တွင်သည့်မြေကွက်များကို ဦးမျိုးမင်းခိုင်၊ ဦးအေးလွင်၊ ဦးသန်းကြွယ်ဦး၊ ဦးဆန်းထူးကြွယ်တို့က မူလပိုင်ရှင်ဖြစ်သူထံမှ စာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်ခင်မမ ၁၂/ဗတထ(နိုင်)၀၃၀၆၈၆ ထံမှဝယ် ယူပိုင်ဆိုင်ခဲ့၍ လက်ရှိနေထိုင်ပိုင်ဆိုင်သည့်ခြံမြေကွက်များဖြစ်ပါသည်။

၎င်းမြေကွက်များအား ကျွန်ုပ်အမှုသည်များက သက်ဆိုင်ရာအစိုးရဌာနတွင်မြေငှားဂရန်လျှောက်ထားမည်ဖြစ်၍ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ဤကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက် စာတမ်းတို့ဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးစောတာကပေါ(LL.B,DBL,DML)

တရားရုံးချုပ်ရှေ့နေ

၂၉၂၊၄လမ်း(မြောက်)၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊

အင်းစိန်မြို့နယ်၊ ဖုန်း–၆၄၂၇၈၇။

မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခြင်းမရှိစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂၁ရက် နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများစုပေါင်း၍ မိုးရာသီကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခြင်းမရှိစေရန် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

တောင်ဥက္ကလာပမြို့နယ်

ထို့နောက် တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနဌာနမှူး ဒေါက်တာတင်မောင်ဝင်းက ရန်ကုန်မြို့တော်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်းမရှိစေရန် ခြင်နှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာချိုချိုညိုက တောင်ဥက္ကလာပမြို့နယ်အတွင်း ရပ်ကွက်များနှင့် အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခြင်းမရှိစေရန် ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့နှင့်ပူးပေါင်းပြီး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲစေရေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများအနေဖြင့် လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့်ပူးပေါင်းပြီး ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် အပိုင်းလိုက် စနစ်တကျဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်အဖွဲ့ဝင်များသည် တောင်ဥက္ကလာပ မြို့နယ် အမှတ်(၆)ရပ်ကွက် အင်းဝလမ်း၊ မင်းခေါင်လမ်းနှင့် မင်းခေါင်(၁)လမ်း တို့၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက ခြင်ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း၊ ထုံးဖြူးခြင်း၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများက လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ရပ်ကွက်အတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်ကျင့်သုံးရေး ပညာပေးသရုပ်ပြဆောင်ရွက်နေမှု၊ ရေတွင်း၊ ရေကန်နှင့်ရေမြောင်းများအတွင်း ပိုးလောက်လမ်းစားငါးများ ထည့်သွင်းနေမှုနှင့် ရပ်ကွက်ပြည်သူများက ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

သာကေတမြို့နယ်

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အဖွဲ့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မာန်ပြေလမ်းသို့ ရောက်ရှိလာရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)ဌာနမှူး ဦးဗိုလ်ဌေးက မာန်ပြေလမ်းအတွင်း မိုးရာသီကာလ၌ ရေကြီးနစ်မြုပ်ခြင်းမရှိစေရန် မာန်အောင်လမ်းဘေးဝဲ/ယာတို့၌ ရေနုတ်မြောင်းများ တိုးချဲ့ဆောင်ရွက်မည့် အခြေအနေ၊ Box Culvert များ တိုးချဲ့ပြုပြင်မည့် အခြေအနေနှင့် မြစ်ထွက်ပေါက်များ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် မာန်အောင်လမ်း အတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စက်ယန္တရားဖြင့် ရေနုတ်မြောင်း တိုးချဲ့တူးဖော်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သာကေတမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေး၊ လမ်းများ၏ ဘေးဝဲ/ယာ ရေနုတ်မြောင်းများ ပြုပြင်ခြင်း၊ Box Culvert များပြုပြင်ခြင်းနှင့် မြစ်ထွက်ပေါက်များ ပိတ်ဆို့မနေစေရေးတို့အတွက် အလေးထား ဆောင်ရွက်ကြရန်မှာကြားသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အဖွဲ့သည် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အစပ် ယုဇနပလာဇာအနီးရှိ မြေအောက်ရေနုတ်မြောင်းမကြီး ရေစီးရေလာကောင်းမွန်စေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စက်စွမ်းအားကို အသုံးပြုပြီး အမှိုက်နှင့်နုန်းများဆယ်ယူနေမှု အခြေအနေများနှင့် အောင်မင်္ဂလာမြို့ပတ်ချောင်းအတွင်း စီးဝင်သည့် ယုဇနပလာဇာအနီး မြေအောက်မြောင်းမကြီးနှင့် ရေနုတ်မြောင်းများ တိုးချဲ့တူးဖော်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က တာဝန်ရှိသူများအား မြို့တော်နေပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေးသည် ရေစီးရေလာ ကောင်းမွန်စေရေးနှင့် အမှိုက်များ ကင်းရှင်းရေးသည် အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်ကြောင်း၊ ရေအိုင်များ၊ အမှိုက်များကြောင့် ခြင်နှင့်ယင်များပေါက်ပွားပြီး ငှက်ဖျားရောဂါ၊ သွေးလွန် တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါအစရှိသည့် ကူးစက်ရောဂါများ ပြည်သူလူထုအတွင်း ဖြစ်ပွားခြင်းမရှိစေရန် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများဖြစ်သည့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများနှင့် အမှိုက်ကင်းရှင်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဇွန် ၂၂ ရက်က တာမွေမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတွင် မူးယစ်ဆေးဝါး တို့ရှောင်ရှား တိုးပွားရည်သန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ခေါင်းစဉ်ဖြင့် ကျောင်းတွင်း နံရံကပ်စာစောင်ပြိုင်ပွဲနှင့် ပြပွဲကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ကြည်နှင့် ဆရာ ဆရာမများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ဇွန်၁၈ရက်က ဒေါပုံမြို့နယ် ကြည်စုရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးက ကြည်စုရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်သန်းသို့ စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

ကျောက်ဆည်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူကြမည်

ရန်ကုန် ဇွန် ၂၄

ကျောက်ဆည်အသင်း(ရန်ကုန်)၏ နှစ်လည်အစည်းအဝေးကို ဇွန် ၂၀ ရက်က အသင်းတည်ရာ တာမွေမြို့နယ် မေတ္တာညွန့်ဈေးအနီးရှိ တိုက်(၁) အခန်း(၃)၌ကျင်းပရာ ဥက္ကဋ္ဌရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း)နှင့် ဒုဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အသင်းဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အစည်းအဝေးမှ ကျောက်ဆည်အသင်း(ရန်ကုန်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဇူလိုင် ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီက ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ခမ္မာရုံ၌ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းကပ်လှူ၍ သက်ကြီးဝါကြီး ပုဂ္ဂိုလ်များအား ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကျောက်ဆည်အသင်း(ရန်ကုန်) အသင်းဝင်များ၊ အသင်းမဝင်ရသေးသည့် ကျောက်ဆည်ခရိုင်သူ/သားများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုပါက ဥက္ကဋ္ဌ ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း) ဖုန်း-၀၉-၉၉ ၂၆၄၄၃၊ ဒုတိယဥက္ကဋ္ဌ ဦးတင်လှိုင် ဖုန်း-၆၂၅၂၆၂၊ ဦးမြင့်လွင် ဖုန်း-၅၇၃၃၇၂၊ အတွင်းရေးမှူးများ ဦးကျော်မြအောင် ဖုန်း-၆၈၀၈၅၁၊ ဦးအောင်စိုးလွင် ဖုန်း-၅၄၄၁၂၃၊ ဦးခင်မောင်မြင့် ဖုန်း-၆၆၆၄၇၈၊ ဒေါ်ခင်မျိုးသန့် ဖုန်း-၆၆၄၆၂၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးလှဝင်း ဖုန်း-၅၂၇၀၈၂နှင့် ဒေါ်အုန်းခင် ဖုန်း-၅၃၇၆၂၂တို့သို့ ကြိုတင်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အမှတ်၁၂၆/က ဇီဇဝါလမ်း၊ (၇)ရပ်ကွက် သာကေတမြို့နယ်နေဦးသန်းအောင်အား ရည်စူး၍ ဒေါ်ဌေးဌေး မိသားစု အလှူငွေကျပ်တစ်သိန်းကို မြဟွာဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လာရောက်လှူဒါန်းရာ ဥက္ကဋ္ဌဦးအေးသန့်က လက်ခံရယူစဉ်။ (က-ပ)

ဂုန်လျှော်၊ ချည်ပေါင်လျှော်ပင်များ အထွက်တိုးစေရေး နှိုးဆော်ချက်

ယခုအခါ ဂုန်လျှော်၊ ချည်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်၍ အထွက်တိုးစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

၁။ အတန်းစိုက် ဂုန်လျှော်၊ ချည်ပေါင်လျှော်များကို တစ်ပင်နှင့်တစ်ပင် (၃)လက်မခြား ခွာ၍ ပင်ကျပ်နုတ်ပေးပါ။ ကြဲပက်စိုက်ခင်းများတွင် (၆)လက်မပတ်လည် တစ်ပင်နှုန်း ကျန်ရှိအောင် ထွန်ဖြင့်မှုန်းပေးပါ။

၂။ ပေါင်းလိုက်လက်ကြားခွဲခြင်းကို (၁၅-၂၀) ရက်သားတွင် တစ်ကြိမ်နှင့် တစ်ကြိမ် (၃၀-၃၅) ရက်သားတွင်တစ်ကြိမ်၊ အနည်းဆုံး နှစ်ကြိမ်ခွဲ၍ ဆောင်ရွက်ပါ။ ပေါင်းလိုက်လက်ကြားခွဲပြီးတိုင်း ယူရီးယားဓာတ်မြေဩဇာကို တစ်ဧကလျှင် ၁၂ ဒသမ ၅ ကီလိုနှုန်း ကြဲပက်ပေးပါ။

၃။ အပင်ငယ်စဉ် ရေမဝပ်စေရန် ဂရုပြုပါ။ စိုက်ခင်းအတွင်း ရေဝပ်နေပါက ပတ်မြောင်း၊ စိတ်မြောင်းများဖြင့် ရေဖောက်ထုတ်နိုင်ရေး ဆောင်ရွက်ပါ။

၄။ အပင်ငယ်စဉ်တွင် ပုရစ်အန္တရာယ်ကျရောက်နိုင်ပြီး အဓိကကျရောက် ဖျက်ဆီးသော ပိုးမှာ မွှားပင့်ကူနီ၊ ရွက်စားခူမွှေးစုတ်နှင့် ပင်စည်ထိုးကျိုင်းတို့ဖြစ်သည်။ ဂုန်လျှော်၊ ချည်ပေါင်လျှော်ခင်းများအား ပုံမှန်စစ်ဆေး၍ လိုအပ်မှသာ ဆေးပက်ဖျန်းကာကွယ်ပါ။

၅။ ဂုန်လျှော်ပင်စည်မှဲ့စွန်းရောဂါနှင့် မြစ်ပုတ်ရောဂါများတွေ့ရှိက အပင်လိုက် နုတ်၍ မီးရှို့ဖျက်ဆီးပါ။

၆။ ချည်ပေါင်ပင်အဖျားပိုင်းတွင် အဝါရောင်၊ အဖြူရောင် ရောင်မညီကွက်ကြား (mosaic) ရောဂါတွေ့ရှိလျှင် အပင်လိုက်နုတ်၍ မီးရှို့ဖျက်ဆီးပါ။

၇။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်း လုပ်ငန်း၊ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် စပါးမျိုးစေ့ချစိုက်ပျိုးမှု ကြည့်ရှု

ပန်းတိုင်အထွက်နှုန်းရည်မှန်းချက်ပြည့်မီရေး မှာကြား

မော်လမြိုင် ဇွန် ၁၂

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် မော်လမြိုင်ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၅ ရက်က ကျိုက်မရော မြို့နယ် ခရုံဂူကျေးရွာသို့ရောက်ရှိရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံ လယ်သမားများက ကြိုဆိုကြသည်။

ရှေးဦးစွာ တိုင်းမှူးသည် တောင်သူဦးမင်းစိုး၏ကွင်းအမှတ်(၃၅၂-ခ)၌ ပြုလုပ်သော အတန်းလိုက်မျိုးစေ့ချစိုက်ပျိုးမှု၊ ပျိုးထောင်စိုက်ခင်း၊ ကောက်စိုက်ခြင်း၊ ကြဲခင်းစိုက်ကွက်များကို ကြည့်ရှုစစ်ဆေးကြသည်။**(ယာပုံ)**

နည်းပညာ

ယင်းနောက် တိုင်းမှူးသည် အထွက်တိုးစခန်း၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူလယ်သမားများအား တွေ့ဆုံဆွေးနွေးရာ ကျိုက်မရော မြို့နယ်ဥက္ကဋ္ဌက မြို့နယ်၏ လယ်ယာကဏ္ဍ စီမံဆောင်ရွက်မှုနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းက အတန်းလိုက် စပါးမျိုးစေ့ချစိုက်ပျိုးခြင်း နည်းပညာတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းရှင်းနီးနီး

ထို့နောက် တိုင်းမှူးက တောင်သူလယ်သမားများအား ဒေသဝမ်းစာ ဖူလုံရေးအတွက် စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်ပေးလျက်ရှိကြောင်း၊ တိုးတက်လာသော လူဦးရေအရ စပါးအထွက်နှုန်း ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် စပါးများ တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်ပြည့်မီရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းလေးသွယ်အတိုင်း ကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်နယ်အတွင်းအသုံးပြုရန် သင့်လျော်သည့် သဘာဝမြေသြဇာများ ထုတ်လုပ်ဖြန့်ဖြူးပေးသဖြင့် တောင်သူများအနေဖြင့် ဈေးနှုန်းသက်သာစွာဖြင့် အသုံးပြုနိုင်သလို စပါးအထွက်နှုန်း တိုးတက်ရေးအတွက် အထောက်အကူရရှိမှာဖြစ်ကြောင်း၊ စပါးသည်နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သည့်အတွက် ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြေလွတ်မြေရိုင်းများ ဆက်လက်ဖော်ထုတ်ပေးသွားမည်ဖြစ်ပြီး ဒေသခံတောင်သူလယ်သမားများအား ဦးစားပေးလုပ်ကိုင်စေမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း စသည်ဖြင့် အကျယ်တဝင့် ဆွေးနွေးမှာကြားပြီး တောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ **(၁၆၈)**

ဆေးထိုး - သာယာကုန်းအဖြောင့်မြေသားလမ်း စက်ယန္တရားများဖြင့် မြေထိုးမြေညှိဆောင်ရွက်

နွားထိုးကြီး ဇွန် ၅

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ကျေးရွာချင်းဆက်လမ်းများ၊ မြို့နှင့်ကျေးလက်ဆက်သွယ်သည့် လမ်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မေ ၃၀ ရက်က မြင်းခြံ-နွားထိုးကြီး ကားလမ်းမကြီးမှ ဆေးထိုးကျေးရွာသို့ဆက်သွယ်သည့် ဆေးထိုး-သာယာကုန်းအဖြောင့် မြေသားလမ်းအား စက်ယန္တရားဖြင့် မြေထိုး မြေညှိ ဆောင်ရွက်ကြသည်။

အဆိုပါလမ်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အတွင်းရေးမှူး ဦးကျော်နိုင်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းခွင်အင်ဂျင်နီယာ ဦးတင်မောင်အေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကျေးရွာဥက္ကဋ္ဌများက အနီးကပ်ကွင်းဆင်းပြီး ကြီးကြပ်ဆောင်ရွက်ကြသည်။**(အောက်ပုံ)**

မှာကြား

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက ကျေးရွာချင်းဆက် အဖြောင့်မြေသားလမ်းအား အမြန်ဆုံးပြီးစီးဆောင်ရွက်ရန်နှင့် ရေနုတ်မြောင်းများ တူးဖော်ရန်လမ်းများ မပျက်စီးစေရန် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် မှာကြားပြီး လမ်းအရှည် ၃ မိုင် ၂ဖာလုံ၊ အကျယ်ပေ ၃၀ရှိ ဆေးထိုး-သာယာကုန်း မြေသားလမ်းကို ရွာကြီးသင်းတယား-ထန်းတောမနှင့်သာယာကုန်းကျေးရွာ ဥက္ကဋ္ဌများ ကြီးကြပ်မှုဖြင့် ကိုယ့်အားကိုယ်ကိုး အဖြောင့်မြေသားလမ်းဖောက်လုပ် အကောင်အထည်ဖော် ဆောင်ရွက်ကြသည်။ **(၂၁၃)**

ဇွန် ၁၆ရက်က တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းလွင်တို့ ကြီးကြပ်၍ ဝန်ထမ်းများနှင့်အတူ တွံတေးမြို့ မြို့ရှောင်လမ်းသစ်လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်စေရေး ရေတမာပင် ၁၀၀၀ စိုက်ပျိုးကြစဉ်။ (၃၈၀)

ဖွင့်လှစ်

မေ ၃၀ရက်က နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ပေါင်းတည်မြို့ ဟသ်ာကန်ရပ်ကွက် ဇီးတောကျောင်းဝင်းရှိ မမ္မာရုံ၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးမောင်မောင်နိုင်နှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နာယက ဦးမြသန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၃၃၁)

ပျိုးပင်စိုက်ပျိုးမှု ကြပ်မတ်ဆောင်ရွက်

ကလော ဇွန် ၇

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှသည် လက်ထောက်အင်ဂျင်နီယာများ လိုက်ပါလျက် အဖွဲ့ပိုင် မောမြေဦး ပျိုးဥယျာဉ်အတွင်း ပျိုးပင်များစိုက်ပျိုးထားရှိမှု လုပ်ငန်းအခြေအနေကို ဇွန် ၄ ရက်က စစ်ဆေးကြပ်မတ်ဆောင်ရွက်ခဲ့သည်။ **(၄၀၈)**

ပညာရွာစာကြည့်တိုက် ပျော်ဘွယ်၌ဖွင့်

ပျော်ဘွယ် ဇွန် ၈

ပျော်ဘွယ်မြို့နယ် အုန်းပင်ကျေးရွာ ပညာရွာ ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို မေ ၃၀ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးကျော်ဆင့်၊ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးပြုံး ကျော်တို့က စာကြည့်တိုက်ကို ဖွင့်လှစ်ပေးကြသည်။

ဂုဏ်ပြုလွှာ

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးတို့က အမှာစကားများ ပြောကြားကြပြီး အလှူရှင်များက စာအုပ်များ ပေးအပ်လှူဒါန်း ကြသည်။ ဆက်လက်၍ စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြောင်း သိရသည်။

ပဲခူးတိုင်း (အနောက်ပိုင်း) ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကံကြီး-တယ်ပင် ကျောလမ်း(ကျေးလက်) ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဝင်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဇွန် ၇ ရက်က မော်လမြိုင်ကျွန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိရာ မြို့နယ်အမှုဆောင်အရာရှိ ဦးခိုင်ဇင်ဝင်းနှင့် ဝန်ထမ်းများစုပေါင်း၍ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် ပန်းအလှပင် စိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ

၂၅-၆-၂၀၀၄(သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ဝါစိုက်ပျိုးရေး)
၁၁:၃၅ သုတရေးရာဖြေကြားလွှာ
၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ပိန္နဲပင်)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အသက်ထက်ပို၍)
၁၃:၁၀ ကမ္ဘာ့ဂီတ

ညနေပိုင်း

၁၆:၂၀ ကျေးလက်ဇာတ်လမ်း(ဝါဆိုဦးမှာ)
၁၇:၃၀ အဘိုးအဘွားအလေးထား (နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အကြောင်းဆွေးနွေးခန်း)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (မြေကမ္ဘာချစ်သူများ-မောင်ဆုရှင်)



ဇွန် ၁၅ရက်က ဖလမ်းမြို့သာယာလှပရေးအတွက် လမ်းဘေးဝဲယာတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို အမှုဆောင်အရာရှိ ဦးတင်အောင်၊ တာဝန်ခံအင် ဂျင် နီ ယာ ဦးဝင်းလှိုင်တို့က ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (က-ပ)



လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကျင်းပ

ရွှေဘို ဇွန် ၁၅

ရွှေဘိုခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကို ဇွန် ၁၂ရက်က ရွှေဘိုမြို့ အိန္ဒာရပ်အမက(၃)၌ ကျင်းပရာ ရွှေဘိုခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်၊ ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမြသန်း၊ မြို့နယ်အဖွဲ့ဝင်(၂) ဦးအောင်မြင့်နောင်၊ ခရိုင်ပညာရေးမှူး ဦးလှဝင်း၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ခရိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများက ကြည့်ရှုအားပေးကြသည်။ **(အပေါ်ယာပုံ)** **(က-ပ)**

ကျန်းမာရေးပညာပေးလုပ်ငန်းများဆောင်ရွက်

ပြင်ဦးလွင် ဇွန် ၅

ပြင်ဦးလွင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ခင်စန်းတင့်နှင့်အသင်း အမှုဆောင်များက မေ ၂၈ရက် နံနက် ၁၀ နာရီက ပဒေသာမြို့သစ်၌ ကျန်းမာရေးအသိပညာပေး လုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ကြသည်။ ကွင်းဆင်းဆောင်ရွက်ရာသို့ ပဒေသာမြို့သစ်အတွင်း၌ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နာယက ခရိုင်ဥက္ကဋ္ဌ၏ဇနီးဒေါ်ခင်စန်းတင့်နှင့် အသင်းအမှုဆောင်များက မိခင်နှင့် ကလေးငယ်များကို ကျန်းမာရေး စစ်ဆေးပေးခြင်း တစ်နှစ်အောက် ကလေးငယ်များအား ကိုယ်အလေးချိန် ချိန်ပေးခြင်း၊ အာဟာရကျွေးခြင်း၊ အမျိုးသမီးများအား မျိုးဆက်ပွား ကျန်းမာရေးအသိပညာပေးဟောပြောခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(၂၈၀)**

မိုးကောင်း သဒ္ဓါသမ္ပတ္တိကျောင်းဆောင် ဖွင့်ပွဲနှင့်ရေစက်ချပွဲ အခမ်းအနားကျင်းပ

မိုးကောင်း ဇွန် ၂

မိုးကောင်းမြို့နယ် ထီးချိုင့်ကျေးရွာ သုဇနာရာမကျောင်းတိုက်ဝင်း၌ ဆောက်လုပ်ပြီးစီးသည့် သဒ္ဓါသမ္ပတ္တိကျောင်းဆောင်နှင့် ဘတ္တသဉ္ဇာကျောင်းဆောင်ဖွင့်ပွဲနှင့် ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို မေ ၂၅ရက်က အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ ကျောင်းတိုက်ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသုဇာတ(သာသနဓဇဓမ္မာစရိယ)နှင့် အလှူရှင်များကိုယ်စား ဦးမျိုးတင့်တို့က ကျောင်းဆောင်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

သဒ္ဓါသမ္ပတ္တိကျောင်းဆောင်ကို မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက်နေ ဦးမျိုးတင့် ဇနီးဒေါ်ဖြူနှင်းသွယ်နှင့် စေတနာရှင်များ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၈၀ကျော်ဖြင့် ဆောက်လုပ်ခဲ့ပြီး ဘတ္တသဉ္ဇာကျောင်းဆောင်ကို အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ဇနီး ဒေါ်ဝင်းဝင်းနုတို့၏ လှူဒါန်းငွေကျပ် နှစ်သိန်း၊ ဦးမျိုးတင့် ဇနီးဒေါ်ဖြူနှင်းသွယ်တို့၏ လှူဒါန်းငွေ ကျပ်၁၀သိန်း၊ မိုးကောင်းမြို့နတ်ကြီးကုန်းရပ်ကွက်နေ ဦးအောင်ကြည်ညွှန့် ဇနီး ဒေါ်မြင့်မြင့်ရီတို့၏ လှူဒါန်းငွေကျပ် ၁၁ သိန်း အပါအဝင် စေတနာရှင်များ စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၂၀၀ကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၄၁၆)**

ဇလွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အမှတ်(၁) အခြေခံပညာ ဦးစီးဌာန(အလက သပြုကွင်း)နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းတို့ စုပေါင်းကျင်းပသော ကျန်းမာရေး ပညာပေး ဟောပြောပွဲ၊ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ဓာတ်ပုံ

ပြပွဲနှင့် ဗီဒီယိုပြပွဲကို သပြုကွင်း အခြေခံပညာ အလယ်တန်းကျောင်းတွင် ဇွန် ၁၅ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းဌေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဇလွန်မြို့နယ်ရုံးမှ ဦးစီးမှူး ဒေါ်လှကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် စီစဉ်ကြီးကြပ်မှုဖြင့် စုပေါင်း၍ လွတ်လပ်ရေးပန်းခြံနှင့် ဗန္ဓုလပန်းခြံရှိ ပျိုးဥယျာဉ်များအတွင်း ပျိုးပင်များကို ပေါင်းမြက်ရှင်းလင်းခြင်းနှင့် ပျိုးပင်များကို ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြစဉ်။ (ဝ၈၅)

မေ ၃၁ရက်က တာချီလိတ်မြို့ ပါလျံရပ်ကွက် ရန်အောင်မြေ အမကတွင် ကျောင်းသူကျောင်းသား ၄၃ ဦးတို့အတွက် ကျောင်းသုံးစာရေးကိရိယာများကို ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းသင်းရည်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်သူသူမင်းစံတို့က ပေးအပ်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

နမ့်ခမ်းမြို့၌ သန့်ရှင်းရေးစုပေါင်းဆောင်ရွက်

နမ့်ခမ်း ဇွန် ၁၆

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းရေး သပ်ရပ်သာယာလှပရေးအတွက် အမှတ်(၂)စာရေးတန်းရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရန် ရေမြောင်းများဆယ်ခြင်း၊ လမ်းဘေး ချုံနွယ်မြက်များခုတ်ထွင်ခြင်းနှင့်အမှိုက်သရိုက်များ သိမ်းဆည်းခြင်းတို့ကို ဇွန် ၁၂ရက်နံနက်ပိုင်းက ဆောင်ရွက်သည်။

လုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးတင်လှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမောင်တိုး၊ ဦးစီးအရာရှိဦးခင်မောင်ဝင်း၊ လက်ထောက်အင်ဂျင်နီယာ ဦးသက်နိုင်ဦးနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အမှတ်(၂)စာရေးတန်းရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ ပါဝင်ဆောင်ရွက်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

သမဝါယမဘဏ် လီမိတက် (အများနှင့်သက်ဆိုင်သောဘဏ်)

C B BANK (P.L.C) အား

(၁၅–၆–၂၀၀၄) ရက်နေ့မှစ၍ ဖွင့်လှစ်နိုင်ခြင်းအတွက်

လိုက်လိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

ပိုမို အောင်မြင်သော C B BANK ဖြစ်လာမည်ဟု

ယုံကြည်ပါသည်။

ဦးစိန်တင့် + ဒေါ်တင်ဝင်း

ကျားပျံမကောက်ဆေးဖော်လိပ်။

မွေးနေ့ဆုမွန်

၂၅–၆–၂၀၀၄ ရက်နေ့တွင် ကျရောက်သော ညီမလေး(ဖွန်)ရဲ့ မွေးနေ့မှ နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်နိုင်ပါစေ။

ကိုကြီး ကိုထင်ကျော်။

TOP ☎ 243363 705877

Myanmar Apple

Digital Printing

No-5, Pyay Road,Mayangone Township

Tel : 657477, 662485, Yangon.

အမည်ပြောင်းနှင့် မွေးသက္ကရာဇ်အမှန်

အဖ ဦးကြည်လှိုင်၏သမီးဖြစ်သူ အထက (၂)ဗိုလ်တထောင် သတ္တမတန်း(A)မှ နွယ်အဥ္ဇလီအား ယနေ့မှစ၍ မဖြူနှင်းစန္ဒာဟု ပြောင်းလဲခေါ်ပါရန်နှင့်၎င်း၏မွေးနေ့သက္ကရာဇ်အမှန်မှာ ၈–၉–၁၉၉၂ ဖြစ်ပါသည်။

မဖြူနှင်းစန္ဒာ။

KMD COMPUTER CENTRE

i-Office သင်တန်း

Digital Camera, Scanner, USB Drive, CD Writer

Syllabus

Using Email & Internet · Window Operating System · Adobe PageMaker 7

Microsoft Excel 2003 · Microsoft PowerPoint 2003 · Microsoft Word 2003

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

အမှတ် (၉၀)၊ ကံဘဲ့လမ်း၊ ရန်ကင်း၊ ရန်ကုန်မြို့။

Ph;-(951) 578470, 571038, Fax;(951) 578472

E-mail-mpe.@ mptmail. net. mm, www. myanmarpearl.com

ပြည်တွင်းပုလဲရောင်းချပွဲ

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းပိုင် ပုလဲများကို နိုင်ငံသားများအား ပြည်တွင်းတွင် မြန်မာကျပ်ငွေဖြင့် အောက်ပါအစီအစဉ်အတိုင်း ချိပ်ပိတ်တင်ဒါစနစ်/ဈေးပြိုင် စနစ်များဖြင့် ရောင်းချမည်ဖြစ်ပါ၍ ပုလဲဝယ်ယူလိုသူများ လာရောက်ကြည့်ရှုဝယ်ယူနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

(က) **ပုလဲများကြည့်ရှုစစ်ဆေးခြင်းနှင့် တင်ဒါများပေးသွင်းခြင်း** – ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ (၇)ရက်မှ (၈)ရက်ထိ (၁၀း၀၀)နာရီမှ (၁၆း၀၀) နာရီထိ

(ခ) **တင်ဒါများဖွင့်ဖောက်ခြင်းနှင့် ဈေးပြိုင်ရောင်းချခြင်း** – ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ (၉)ရက် နံနက် (၁၀း၀၀)နာရီ

(ဂ) **ပုလဲရောင်းချပွဲကျင်းပမည့်နေရာ** – သီရိရတနာခန်းမ၊ သတ္တုတွင်း ဝန်ကြီးဌာန အမှတ် (၉၀) ကံဘဲ့၊ ရန်ကင်း၊ ရန်ကုန်မြို့။

(ဃ) **အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်**– ၅၆၂၃၅၈၊ ၅၇၁၀၃၈၊၅၇၈၄၇၀

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း။

မွေးနေ့ဆုမွန်လွှာ
ဦးဦးသန့်ဇင် (ချောင်းဦး)

၂၅–၆–၂၀၀၄ရက်နေ့တွင် ကျရောက်သော ဦးဦးသန့်ဇင် (ချောင်းဦး) (၃၉)နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် အောင်မြင်သောဘဝခရီးကို ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေ။

ချစ်တူလေးများ – မောင်မြတ်မင်းခန့်၊မောင်လမင်းမြတ်၊
ချစ်တူမလေးများ – မမေမြတ်နိုးပွင့်၊ မီးမီးလေး–အိမ့်။

အမည်ပြောင်း

အဖ ဦးကျော်လှိုင်၏သား အထက (၂) မရမ်းကုန်း ဆဋ္ဌမတန်း(B)မှ မောင်ညီညီနိုင် အား မောင်ညီထွန်းနိုင်ဟု ခေါ်ပါရန်။

မောင်ညီထွန်းနိုင်။

အမည်ပြောင်း

အဖ ဦးဆန်းဦး၏သမီး အထက (၂)ဒဂုံ စတုတ္ထတန်း(A)မှ မအေးချမ်းမော်အား ယနေ့မှစ၍ မယွန်းသန္တာဦးဟု ပြောင်းလဲခေါ်ပါရန်။

မယွန်းသန္တာဦး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)8/MR(ML) 2004-2005	Tin Ingot	5000 Kgs

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၁၂–၇–၂၀၀၄ (တနင်္လာနေ့) (၁၂း၀၀)နာရီ

ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် – ၁၂–၇–၂၀၀၄ (တနင်္လာနေ့) (၁၄း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၂–၆–၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း–၂၉၁၉၈၂၊ ၂၀၁၅၅၅၊ လိုင်းခွဲ–၆၀၂၊၆၀၅၊ ၆၁၂

အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၃၆ ဂျေ)၊ မြေကွက်အမှတ် (၁၁၃–အေ/၈–အေ)၊ မြေဧရိယာ ၀.၁၂၃ ဧကရှိမြေပိုင်မြေအမျိုးအစားနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၉၉/ဘီ ဟုခေါ်တွင်သော နှစ်ထပ်တိုက်နှင့် ဖုန်း–၅၅၂၉၃၈ အပါအဝင်။

၂။ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်–၂၂–ဝိုင်–၂၊ မြေကွက်အမှတ် ၁၆၈၊ ဧရိယာ ၁.၀၂၁ ဧကရှိမြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ်–၄၉၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ဟုခေါ်တွင်သော(၈) ထပ်တိုက်တစ်လုံး။

၃။ အမှတ်–၅၉/၆၁ (၄–ထပ်/ဝဲ) အပေါ်ဆုံးထပ်၊ ၅၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်ဟု ခေါ်တွင်သော တိုက်ခန်း။

၄။ တိုယိုတာမတ်တူး ၉က/၄၇၄၃

၅။ ပါကျဲရိုး (Pajero) ၄ခ/၄၀၉၂

အထက်ဖော်ပြပါ ရွှေ့ပြောင်းနိုင်သော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများသည် ကျွန်တော် ဦးမြသန်း၊ ရွှေကျီးမင်း ရွှေဆိုင်ပိုင်ရှင် အမှတ်–၅၂၀၊ အခန်း(၂) မြေညီထပ်၊ မဟာဗန္ဓုလလမ်း၏ လုပ်ငန်းမှရရှိသော ဝင်ငွေများဖြင့် ဝယ်ယူထားသော ပစ္စည်းများဖြစ်ပါသည်။

ပစ္စည်းများကို ဝယ်ယူရာတွင် သမီးအငယ်ဆုံးဖြစ်သူ ဒေါက်တာမိုးကေသီ(ခ)ခင်မိုးမိုးခိုင် အမည်ဖြင့် အမည်ငှားစနစ်ကျင့်သုံးကာ ဝယ်ယူထားခြင်းဖြစ်၍ ကျွန်တော်သာလျှင် အမှန်တကယ် ပိုင်ရှင်ဖြစ်ပါသည်။

သို့ပါ၍ ဖော်ပြပါပစ္စည်းများနှင့် စပ်လျဉ်း၍ တစ်နည်းနည်း လွှဲပြောင်းခြင်းမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက လွှဲပြောင်းသူနှင့် လက်ခံသူများ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြသန်း
(ရွှေကျီးမင်းရွှေဆိုင်)

ဝန်ထမ်းအမြန်အလိုရှိသည်

[illegible]

ဖခင်အမည်မှန်

အထက(၃)မင်္ဂလာတောင်ညွန့် ဒသမတန်း (C)မှ မသီတာ၏ ဖခင်အမည်မှန်မှာ ဦးအဒူဇော်ဘော်ဖြစ်ပါသည်။

ဦးအဒူဇော်ဘော်။

အမည်ပြောင်း

ဦးခင်မောင်မြင့်၏သမီးဖြစ်သူ မဝင်းဝါမြင့် ၉/မထလ (နိုင်) ၁၇၇၃၁၅ အား မပန်းနုဝါဟု ပြောင်းလဲခေါ်ဆိုပါရန်။

မပန်းနုဝါ။

အမည်ပြောင်း

တွံတေးမြို့နယ် အိုးဘိုအရှေ့ရပ်ကွက် သာယာကုန်းလမ်းနေ (ဘ)ဦးဌေးဝင်း၏သမီး အထက တွံတေးမှ မသင်းသင်းခိုင်အား မယမင်းအေးဟု ပြောင်းလဲခေါ်ပါရန်။ **မယမင်းအေး။**

ရောင်းကောင်းနေသော စာအုပ်ထူး

သနင်္ဂဗျူဟာ

ချစ်နိုင် (စိတ်ပညာ)

SUN TZU : THE ART OF WAR

ဒုတိယအကြိမ် ထပ်မံပုံနှိပ်နေပါပြီ

ဖခင်အမည်မှန်

တာချီလိတ်မြို့ မယ်ယန်းရွာနေ မောင်ဟောဟန် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၁၃/တခလ(နိုင်) ၀၆၂၈၁၁ ကိုင်ဆောင်သူ၏ ဖခင်သည် ဦးထိန်နန်ဒူ(ခ)ဦးအောင်ဆန်းဖြစ်ပါသည်။

အမည်ပြောင်း

ဦးကြင်ပော်၏သမီး ၁၂/ဥကမ(နိုင်) ၁၇၉၂၆၆ ဒဂုံတက္ကသိုလ် (ပထမနှစ်) ပထဝီမှ မမူယာဝင်းအား မဝင်းကိုခန့်ဟု ပြောင်းလဲခေါ်ပါရန်။

မဝင်းကိုခန့်။

Toyota SE Saloon

86 Model

(107)

ယာဉ်မှတ်ပုံတင်(ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉က/၈၉၀၇ လက်ဝယ်ရှိသူက မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ၁၅ရက်အတွင်း ကညနတိုင်းရုံး (ရန်ကုန်)သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း။**

ပြင်ဆင်ဖတ်ရှုပါရန်

၂၂–၆–၂၀၀၄ ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇ပါ ကားစီးလုံးငှားကြော်ငြာတွင် Zaw Hlaအစား Zaw Winဟု ပြင်ဆင်ဖတ်ရှုပါရန်။

အခြေခံပညာ အလယ်တန်း၊ အထက်တန်း၊ စာသင်သားများအတွက်

Student's Companion စာစဉ်ထုတ်ဝေမည်

[illegible] Student's Companion [illegible] ၂၀၀၄ ခုနှစ်၊ ဇူလိုင်လဆန်းမှ စတင်၍ ပြန်လည်ထုတ်ဝေပါမည်။

[illegible]

ဒေါက်တာဒေါ်တင်အေး
ညွှန်ကြားရေးမှူး(ငြိမ်း)၊ဆေးသုတေသနဦးစီးဌာန
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၈၊ အခန်း ၉ နေ (ဦးတင်–ဒေါ်ကြူ)တို့၏သမီး၊(ဦးစံဦး–ဒေါ်ခ)တို့၏သမီးချွေးမ၊(ဗိုလ်မှူးတင်လှ)၏ဇနီး၊ ဒေါ်တင်တင်ထွေး(ဆက်သွယ်ရေး၊ ငြိမ်း)၊ ဒေါက်တာဒေါ်စန်းနွဲ့၊ ဒေါက်တာ တင်တင်သန်း၊ ဒေါ်တင်နု၊ ဦးသန်းဆွေ၊ ဦးအောင်ကြည်တို့၏အစ်မကြီး၊ မောင်လှခိုင်၊ မကြည်ကြည်အေး၊ မောင်အောင်အောင်–မဆုမွန်ကြည်တို့၏ကျေးဇူးရှင်မွေးသမိခင်သည် ၂၂–၆–၂၀၀၄ရက် နံနက် ၃း၂၁ နာရီတွင် အမေရိကန်နိုင်ငံ Atlanta မြို့၌ ကွယ်လွန်သွားပါ၍ ၂၆–၆–၂၀၀၄ရက်တွင် Atlanta မြို့၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

၂၈–၆–၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၈၊ အခန်း ၉ သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးစိုးနွယ် (လှည်းကူး)
လ/ထ ညွှန်ကြားရေးမှူး(သစ်တောဦးစီးဌာန)
ဥက္ကဋ္ဌ၊သစ်တောရပ်ကွက်ဆွမ်းလောင်းအသင်း
အသက်(၅၃)နှစ်

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ သင်္ဂဟလမ်း၊ ၈၂/၈၈ နေ (ဦးဘသိန်း–ဒေါ်သန်းကြည်)တို့၏သား၊ ဦးကံညွှန့်–ဒေါ်တင်ရီ၊ ဦးလှသွင်–ဒေါ်ခင်မာတို့၏ညီ/မောင်၊ ဦးသာအောင်–ဒေါ်ခင်ဝင်း၊ ဦးကျော်မြင့်ဆွေ–ဒေါ်ခင်ညို (စေတနာ သ/မ)၊ ဦးကျော်လွင်–ဒေါ်ခင်ချို၊ ဒေါ်ခင်စောမူတို့၏အစ်ကိုသည် ၂၄–၆–၂၀၀၄ရက် နံနက် ၁၀း၅၀ နာရီတွင် နှင်းဆီကုန်း အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၆–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမောင်နှမတစ်စု။

ကျေးဇူးတင်ရှိခြင်း
ဗိုလ်ကြီးစံမြိုင် (OTS – ၆၂)

၁၂–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော ဗိုလ်ကြီးစံမြိုင်၏ ဈာပနတွင် ဝိုင်းဝန်းကူညီအားပေးခဲ့ကြသော က–က–ပုံ ညွှန်ကြားရေးမှူးနှင့်ဇနီး၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ ထောက်ပံ့ရေးတပ် တပ်ရင်းမှူးနှင့်ဇနီး၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည် မိသားစုများအားလုံး၊ တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)မှ ဆေးဝန်ထမ်းများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိ၊ စစ်သည်များအားလည်းကောင်း၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့် အားပေးစကားပြောကြားသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်တိုး(ခ)ဒေါ်ရန်(ခ) မရ်ယမ်ဘီ
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၁ လမ်း၊ အမှတ် ၄ နေ ဦးစိန်(ခ)အမ်ဟူစိန်၊ အရာခံဗိုလ်(ငြိမ်း)၊ မွတ်စလင်မ်ကုသိုလ်ဖြစ်ဆေးရုံ၏ဇနီး၊ ဒေါ်လှလှဝင်း–(ဦးအုန်းသန်း၊ မီးရထား)၊ ဒေါ်မြမြဝင်း – ဟာဂျီဦးအောင်မြင့် (အောင်လျှပ်စစ်)၊ ဒေါ်သန်းသန်းဝင်း–ဦးဘရီ(တရားရုံးချုပ်ရှေ့နေ)၊ ဦးစိန်ဝင်း–ဒေါ်ယဉ်ယဉ်မူ(မင်္ဂလာတိုး ဆေးဆိုင်)၊ ဦးသိန်းဝင်း–ဒေါ်မြင့်မြင့်ကြည်၊ ဦးစိုးဝင်း–ဒေါ်ခင်ရီ (ရွှေစင်မင်း အိမ်ဆောက်ပစ္စည်း)တို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏အဘွားသည် ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၄–၆–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေတွင် ရေဝေးမွတ်စလင်ဥယျာဉ်တော်၌ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးထွန်းခင်
(မြောင်းမြမြို့နယ်အသင်းနာယက) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ငြိမ်း) မော်ကွန်းဝင်ဒုတိယဆင့်
အသက်(၇၇)နှစ်

မြောင်းမြမြို့၊ ရှမ်းကုန်းပိုင်းနေ(ဦးဘိုးကောင်း – ဒေါ်ခင်တင့်)တို့၏ သား၊ အင်းစိန်မြို့နယ်၊ အမှတ် ၄၁၆၊ မာလာမြိုင်လမ်း၊ ပေါက်တောရပ်ကွက်နေ မြောင်းမြမြို့နယ် ရာသက်ပန်အသင်းဝင် ဒေါ်သန်းသန်း၏ခင်ပွန်းသည် ၁၉–၆–၂၀၀၄ရက်(စနေနေ့)နံနက် ၃း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၆–၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ အသင်းသားများသိရှိရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဒုအရာခံဗိုလ်ငွေအောင် (ငြိမ်း)
(မှတ်တမ်းရုံး)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ လိုင်း ၁၃၂၊ အခန်း ၃၊ မှတ်တမ်းရုံးနေ (ဦးထွန်း)–ဒေါ်အုံးတင်တို့၏ သား၊ (ဒေါ်ခင်အေးရီ)၏ခင်ပွန်း၊ တကကစရ ကျော်ကျော်သောင်း – မဖြူဖြူအောင်၊ သန့်ဇော်–မချိုချိုမြင့်၊ တကကစရ နေဝင်း–မကေသွယ်အောင်တို့၏ဖခင်သည် ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၆–၂၀၀၄ရက် (သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

အပ်ချုပ်တပ်ကြပ်ကြီး ချစ်မြင့်
(တပ်မတော်–လေ၊ငြိမ်း)
အသက်(၆၂)နှစ်

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နေ (ဦးချစ်မွန် – ဒေါ်မြစိန်)တို့၏သား၊ (ဦးလူလှ – ဒေါ်အေးညွန့်)တို့၏သားသမက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁) စစ်မှုထမ်းဟောင်းစံပြရွာ၊ အမှတ် ၈/၄၇ နေ (ဒေါ်မြသိန်း)၏ ခင်ပွန်း၊ ဦးစိုင်းထွန်းညွန့်–ဒေါ်ယဉ်ယဉ်ခိုင်၊ ကိုမျိုးမြင့်ဆန်း–မခင်စောစောခိုင်၊ မလွင်လွင်ခိုင်၊ မနွယ်နွယ်ခိုင်၊ မသွယ်သွယ်ခိုင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၃–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၆–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် လေးထောင့်ကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။



ဦးကျင်တိုး (ကျိုက်ထိုမြို့)
အသက်(၇၉)နှစ်

ကျိုက်ထိုမြို့၊ တောင်သူစုရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ(ဦးခွားနား–ဒေါ်နက်)တို့၏သား၊ (ဦးဘိန်ချမ်း–ဒေါ်ကျင်ကြည်)၊ (ဦးကျင်ဟုတ်)–ဒေါ်ကျင်ပို့တို့၏ညီ/မောင်၊ ဦးစိန်ဟုတ်–ဒေါ်ကျင်တီ၊ ဒေါ်ကျင်ရီ၊ (ဦးသိန်းနိုင်)–ဒေါ်ခင်စပယ်ဦး၊ ဦးစိုးကျော်–ဒေါ်နှင်းကြင်၊ ဒေါက်တာတင်ရှိန်–ဒေါ်စန်းသီယာ၊ ဦးတင်ထွတ်–ဒေါ်ယဉ်ဝင်းတို့၏အစ်ကိုသည် ၂၄–၆–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၇း၀၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆–၆–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် ၁၂၊ မင်္ဂလာလမ်း(ရှောက်ပင်ခြံ)၊ အမှတ်(၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ် ဦးတင်ထွတ်–ဒေါ်ယဉ်ဝင်းတို့၏ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဦးစိုးနွယ် (လှည်းကူး)
လ/ထ ညွှန်ကြားရေးမှူး(သစ်တောဦးစီးဌာန)
ဥက္ကဋ္ဌ၊သစ်တောရပ်ကွက်ဆွမ်းလောင်းအသင်း
အသက်(၅၃)နှစ်

ရန်ကုန်တိုင်း၊ လှည်းကူးမြို့၊ သင်္ဂဟလမ်း၊ ၈၂/၈၈ နေ (ဦးဘသိန်း–ဒေါ်သန်းကြည်)တို့၏သား၊ ဦးအောင်ကြည်–ဒေါ်အေးကြည်တို့၏သားသမက်၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ သစ်တောဦးစီးဌာန၊ အရာရှိရိပ်သာ၊ အမှတ် ၂/ခ နေ ဒေါ်ချိုချိုအောင်(အထက–၃၊ ဒဂုံ)၏ခင်ပွန်း၊ မချိုနွယ်ဦး၊ မနှင်းနွယ်ဖြိုး (နဝမတန်း–က၊ အထက–၃၊ ဒဂုံ)၏ဖခင်ကြီးသည် ၂၄–၆–၂၀၀၄ရက် နံနက် ၁၀း၅၀နာရီတွင် နှင်းဆီကုန်း အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၆–၆–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

တန်ကွီးရှမ်(ခ)ဒေါ်ရှမ်း
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်၊ လက်ခုပ်ပင် ၂လမ်း၊ အမှတ်၁၀၅(ဘီ)နေ ဦးပေဘွန်လျော်(ခ)ဦးချစ်တင်၏ဇနီး၊ ကိုတင်ဝင်း၊ ဦးတင်မြင့်–ဒေါ်လီလီစံ၊ မကြည်ကြည်၊ ကိုမောင်အေး၊ ကိုတင်အောင်၊ မခင်ခင်လှ၊ ကိုတင့်ဆွေ၊ ကိုတင်ရွှေ၊ ကိုတင်နိုင်၊ ကိုတင်ထွေးတို့၏မိခင်၊ မချစ်စု၊ မောင်အောင်နိုင်မိုး၊ မချောစုတို့၏အဘွားသည် ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၆–၂၀၀၄ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ဟန်
အခွန်ဦးစီးမှူး(ငြိမ်း)
(အပြည်ပြည်ဆိုင်ရာဘောလုံးဒိုင်လူကြီးဟောင်း)
မြို့မကျောင်းသားဟောင်း
အသက်(၈၅)နှစ်

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ တလိုင်မိကျေးရွာနေ (ဦးဘိုးတင်–ဒေါ်မယ်ရင်)တို့၏သား၊ (ဦးသံချောင်း–ဒေါ်စောချစ်)တို့၏သားသမက်၊ ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊(ဇ/မြောက်)ရပ်ကွက်၊ ဇောတိကအိမ်ရာ၊ အိမ်အမှတ် စ/၂၀၅ နေ ဒေါ်အုန်းစိန်၏ခင်ပွန်း၊ ဦးအောင်နွယ်ဦး – (မသိန်းသိန်းဟန်)၊ ဒုရဲအုပ် နီနီဟန် (ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ စစ်တွေမြို့)၊ (ဦးနိုင်ဝင်း)–ဒေါ်ရီရီဟန်၊ ဦးကျော်မျိုးဟန်–ဒေါ်လှလှဆွေ၊ ဦးကိုကိုဟန်၊ ဦးညီညီဟန်–ဒေါ်အိအိခင်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၃–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၃၀ နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင်စံပြဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိန်ထွန်း
မြို့နယ်လဝကဦးစီးမှူး(ငြိမ်း)
အထက်တန်းရှေ့နေ
(စစ်တွေမြို့)
အသက်(၈၀)

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ တောင်ဌာနာလမ်းနေ (ဦးရွှေထွန်းအောင်–ဒေါ်မခင်)တို့၏သား၊ (ဦးချင်းဒေါင်း– ဒေါ်မင်းမ)တို့၏သားသမက်၊ ဒေါ်စောညွန့်၏ခင်ပွန်း၊ ဒေါ်ခင်စောရွှေ (သတင်းစာကိုယ်စားလှယ်)–ဦးမောင်သာညို (လဝက၊ ငြိမ်း)၊ ဦးစံရွှေမောင် (တရားရုံး၊ မောင်တော)–(ဒေါ်နုမေ၊ ကျန်းမာရေးမှူး)၊ ဒေါ်ခင်စောဝင်း(သားဖွားဆရာမ)–ဦးစံသိန်း(မွေး/ကု၊ ငြိမ်း)၊ ဒေါ်စံဝင့်ဖြူ (အထက ကျောင်းအုပ်၊ ငပလီ)–(ဦးဝင်းမောင်၊ ဆသရ)၊ ဒေါ်စံဝင့်ခိုင် (အလပြ၊အထက–၂၊စစ်တွေ)–ဦးတင်စိန်(မြို့/ရွာပြည်တွင်းရေကြောင်း၊ ပုဏ္ဏားကျွန်း)၊ ဒေါ်ချိုချို–ဦးအောင်ကျော်ထွန်း (အင်ကြင်းမြိုင် လက်ဖက်)၊ ဦးအောင်ကျော်စိန်(ကျော်ထက် ရောင်းဝယ်ရေး)–ဒေါ်မြမြထွေး၊ ဒေါ်သာနုအေး (ငယ်/ယာ ၂၊ ရခိုင်ပြည်နယ်စည်ပင်)–ဒုရဲအုပ်အောင်ရွှေသိန်း (နစက၊ မောင်တော)တို့၏ဖခင်၊ မြေး ၁၈ ယောက်တို့၏အဘိုးရှင်သည် ၂၄–၆–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၈း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၆–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကျိုက်ထိုမြို့နယ်အသင်း
ဦးကျင်တိုး
အသက်(၇၉)နှစ်

ကျိုက်ထိုမြို့နယ်အသင်း ရာသက်ပန်အသင်းသားဖြစ်သူ ဦးကျင်တိုးသည် ၂၄–၆–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၆–၆–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျိုက်ထိုမြို့နယ် အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ [အမှတ် ၁၂၊ မင်္ဂလာလမ်း(ရှောက်ပင်ခြံ)၊ အမှတ်(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။]

အမှုဆောင်အဖွဲ့။

ဦးစောသန်းအောင်
အသက်(၆၆)နှစ်

ရေတာရှည်မြို့နယ်၊ထန်းကုန်းရွာနေ (ဦးခင်–ဒေါ်အေးကြွယ်)တို့၏သားကြီး၊ ရန်ကင်းနေ (ဦးအေးဖေ–ဒေါ်ချစ်ညွန့်)တို့၏သားသမက်၊ ဦးစောကျော်နိုင်၊ ဒေါ်ညိုတင်၊ ဦးစောလှမွန်၊ဒေါ်တင်လှ၊ ဒေါ်လှကြည်၊ ဦးဝင်းမောင်၊ ဒေါ်ကျင်ခ၊ ဦးစံညိမ်း၊ ဒေါ်လှဝိုင်း၊ ဦးခင်မောင်ချစ်၊ ဦးမြင့်ကျော်ထွေး၊ ဒေါ်နွဲ့နွဲ့ယဉ်တို့၏အစ်ကိုကြီး၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ် ၃၅၈၊ အခန်း ၁၆ နေ ဒေါ်ခင်သော်တာအေးဖေ၏ခင်ပွန်း၊ မခင်သီရိအောင်၏ဖခင်သည် ၂၄–၆–၂၀၀၄ရက် မွန်းလွဲ ၁း၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ခင်ကြည်(ခ)မစ္စစ်ဘီခရူး
အသက်(၇၀)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ဟိုက်ပတ်လမ်း၊ အမှတ် ၅၆ နေ (ဦးဘီခရူး–BAC)၏ဇနီး၊ ဦးလွင်ဦး၊ ဒေါ်ဖလောရင့်စ်(စီမံစီးပွားဝန်ကြီးဌာန)၊ မစ္စတာဆူမစ်–ဒေါ်အယ်လင်၊ ဦးစံသိန်း–ဒေါ်ဘယ်လာတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၃–၆–၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၅–၆–၂၀၀၄ရက် နံနက် ၁၁ နာရီတွင်ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရေတာရှည်မြို့နယ်အသင်း
ဦးစောသန်းအောင်
(ဘဏ္ဍာရေးမှူး)
အသက်(၆၆)နှစ်

ဦးစောသန်းအောင် ရေတာရှည်မြို့နယ်အသင်း(ဘဏ္ဍာရေးမှူး)သည်ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၂၄–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့်၂၆–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး
ဦးသင်းဟို (မြိတ်မြို့)
အသက်(၉၂)နှစ်

မြိတ်မြို့၊ ကန်ဖျားလမ်းမကြီးနေ (ဦးဟေးယား–ဒေါ်ဖွားမေ)တို့၏သား၊ ဦးစောဖေ–(ဒေါ်ကျင်မြိုင်)တို့၏ မောင်၊ (ဦးထက်ရွှေ)–ဒေါ်ကြည်ဝါ၊ (ဦးထွန်းဝေ)–ဒေါ်စိန်စိန်၊ (ဦးစွမ်ကြည်–ဒေါ်အင်ညှာ)တို့၏အစ်ကို၊ (ဒေါ်ကြင်ဝီ)၏ ခင်ပွန်း၊ ဦးအေးဟို၊ ဒေါ်သန်းဆွေ၊ ဦးရွှေဟို–ဒေါ်အင်ကြူ၊ ဦးဘွန်တိတ်–ဒေါ်သန်းယု၊ ဦးဦးကြည်–ဒေါ်နန်းစိန်ဦး၊ ဦးကျော်ဆွေ–ဒေါ်ဖွားရှင်၊ ဒေါ်စန်းစန်းဝေ၊ ဦးအောင်ထွန်း–ဒေါ်သန်းသန်းနု၊ ဦးစိုးဝင်း–ဒေါ်မြင့်မြင့်အေးတို့၏ဖခင်၊ မြေး ၂၅ ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘိုးသည် ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇–၆–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးထွန်းရွှေ
ဒုအရာခံဗိုလ်(အငြိမ်းစား)
အသက်(၈၃)နှစ်

အင်းစိန်မြို့၊အမှတ် ၂၅၁၊ နံ့သာကုန်း၊ အုတ်ကျင်းဝနေ (ဒေါ်ခင်မိမိ)၏ခင်ပွန်း၊ ဦးခင်မောင်ထွန်း – ဒေါ်ဂျယ်နီပိုးမြတ်၊ ဒေါ်ခင်လှရွှေ၊ ဦးခင်မောင်အေး–(ဒေါ်ယုမော်)၊ ဦးခင်မောင်ထွေး–ဒေါ်ခင်ငွေးသီ၊ ဦးခင်မောင်ကြည်–ဒေါ်ထီးစုဝေါ၊ ဦးခင်မောင်ရွှေ – ဒေါ်လှိုင်ထွေးတို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး အမှတ် ၈၅၊ ဘူတာရုံလမ်းနေ ဦးထွန်းရွှေသည် ၂၄–၆–၂၀၀၄ရက် မွန်းလွဲ ၂း၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆–၆–၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဆွေ (ဒေါ်ခင်ရွှေ)
(ကြည့်မြင်တိုင်)
အသက်(၈၃)နှစ်

ရန်ကုန်တိုင်း၊ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အမှတ် ၆၀၊ ကွမ်းရွက်တန်းလမ်းအထက်နေ(ဦးဂေါ်ရာ–ဒေါ်ငွေယုံ)တို့၏သမီး၊ (ဦးမောင်မြင့်၊ ပြည်တွင်းအခွန်များဦးစီးဌာန)၏ ဇနီး၊ ဦးဝင်းထွဋ်၊ (ဦးခင်ထွဋ်)၊ ဒေါ်စန်းစန်းထွဋ်(အထက–၄၊ ကြည့်မြင်တိုင်)၊ ဒေါ်အေးအေးထွဋ် (အလက–၁၊ ကြည့်မြင်တိုင်)၊ ဦးနိုင်ဦး–ဒေါ်လင်းလင်းထွဋ် (ပြည်တွင်းအခွန်များ ဦးစီးဌာန)တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၄–၆–၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ ၅ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၆–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုအမ္ဗုန်ကျော်
အသက်(၃၆)နှစ်

အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မင်္ဂလာလမ်းနေ ဦးတင်ရီ၏မြေး၊ ပြင်ဦးလွင်မြို့နေ ဗိုလ်ကြီးကျော်မြင့်(ငြိမ်း)–ဒေါ်လှလှမြင့်တို့၏သား၊ ဦးချစ်ရင်–ဒေါ်သိန်းရီတို့၏သားသမက်၊ ဖော့ကန်မင်္ဂလာလမ်းနေ ဦးကျော်လင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်နေ ဦးသောင်းထွန်းဦး(S.A.E) – မသက်သက်နိုင်(S.A.E)တို့၏တူ၊ ပြင်ဦးလွင်မြို့နေ ကိုလေးစိန် – မဝင်းရီတို့၏မောင်၊ ကိုကျော်နိုင်ဦး–(မယမုံကျော်)၊ ဒုအရာခံဗိုလ်မြင့်သိန်းဇော် – မသီတာကျော်၊ ကိုရဲဖုန်းတင့်၊ ကိုမြင့်သိန်း–မတင်တင်ရီ၊ ကိုသံဒိုင်စိုး–မချိုချိုမာတို့၏အစ်ကို၊ အင်းစိန်မြို့၊ရွာမအရှေ့၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၂၆၃ နေ ဒေါ်ပြုံးကြည်၏ခင်ပွန်း၊ မောင်ဝေယံကျော် (VII-E၊ အထက–၁၊ အင်းစိန်)၊ မခိုင်လဲ့ဝါကျော်(အမက–၁၊ ဗဟို)တို့၏ဖခင်သည် ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၆–၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အင်းစိန်၊ ရွာမအရှေ့၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၂၆၃ နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ မဟိန္ဒ
သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၄၃)ဝါ

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)ရပ်ကွက်၊ သံဃနာယကဥက္ကဋ္ဌ မြို့နယ်ဝိနည်းဓိုရ် ရွှေမြင်တင်မြတ်စွာဘုရား ကမ္မကာရကအဖွဲ့ ပညာဒိက မဟိန္ဒာရာမ မိုးညိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ မဟိန္ဒသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၇ ရက် (၂၃–၆–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၄း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။ (ဈာပနရက်ကိုထပ်မံကြေညာပါမည်။)

တပည့်ဒါယကာ၊ဒါယိကာမများ။

ဒေါ်သန်းရှင် (မငေးထိန်ကုန်း)
အသက်(၈၄)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄) ရပ်ကွက်၊တပင်ရွှေထီးလမ်း၊ အမှတ် ၂ နေ (ဦးရွှေရန်–ဒေါ်စောသင်)တို့၏သမီး၊ (ဦးစိန်သန်း)၏ဇနီး၊ ကိုအောင်နိုင်–မငွေးငွေးရီတို့၏မိခင်၊ မောင်ဇေယျာ၊ မောင်ရာဇာရဲရင့်တို့၏အဘွားသည် ၂၃–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၆–၂၀၀၄ရက် (သောကြာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်သိန်း
(ပြည်တွင်းဖြစ် ကားပစ္စည်းရော်ဘာလုပ်ငန်း)
အသက်(၈၀)

ရန်ကုန်မြို့၊ အမှတ် ၇၈၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးဟုတ်စိန်–ဒေါ်ရီရွှေလန်)တို့၏သား၊ (ဒေါ်ဘိဝါ)၏ခင်ပွန်း၊ ဒေါ်နွဲ့ရီ၊ ဒေါ်ညွန့်ညွန့်အေး၊ (ဦးခင်မောင်သိန်း)၊ ဦးခင်အောင်သိန်း(ခ)ဦးဖိုးနီ–ဒေါ်ဘေဘီဝင်း (ဗဟိုစက်ပစ္စည်း)၊ ဒေါ်ခင်သိန်းနွယ်(ခ)ပေါက်ပေါက်၊ ဦးစိန်ဝင်း(အောင် ကားပစ္စည်းဆိုင်၊ စက်မှုဇုန်–၃)တို့၏ဖခင်၊ မဇင်မာသိန်း(ဒဂုံတက္ကသိုလ်)၊ မဥမ္မာသိန်း(အရှေ့ပိုင်းတက္ကသိုလ်)၊မောင်သူရအောင်သိန်း(အထက–၆၊ဗိုလ်တထောင်)တို့၏အဘိုးသည် ၂၄–၆– ၂၀၀၄ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၆–၂၀၀၄ရက် (စနေနေ့) နံနက် ၉း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့် (တောင်ကုတ်)
စစ်တွေကောလိပ်ကျောင်းအုပ်ကြီး(ငြိမ်း)
အသက်(၇၃)နှစ်

အမှတ် ၂၁၊ ဈေးတန်းရပ်၊ ဦးဥတ္တမလမ်း၊ တောင်ကုတ်မြို့နေ (ဦးဘမြင့်–ဒေါ်စိန်နွဲ့)တို့၏သားကြီး၊ (ဗိုလ်မှူးအုန်းမောင်၊ ငြိမ်း)၊ ဒေါ်အုန်းရီ၊ ဦးခင်အောင်တို့၏အစ်ကိုကြီးသည် ၂၄–၆–၂၀၀၄ရက် နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၆–၂၀၀၄ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် တောင်ကုတ်သုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးစိုးနွယ် (လှည်းကူး)
လ/ထ ညွှန်ကြားရေးမှူး
(သစ်တောဦးစီးဌာန)
ဥက္ကဋ္ဌ၊သစ်တောရပ်ကွက်ဆွမ်းလောင်းအသင်း
အသက်(၅၃)နှစ်

ရန်ကုန်တိုင်း၊ လှည်းကူးမြို့၊ သင်္ဂဟလမ်း၊ ၈၂/၈၈ နေ(ဦးဘသိန်း–ဒေါ်သန်းကြည်)တို့၏သား၊အလုံမြို့နယ်၊သစ်တောရပ်ကွက်၊ သစ်တောဦးစီးဌာန၊ အရာရှိရိပ်သာ၊ အမှတ် ၂/ခ နေ ဒေါ်ချိုချိုအောင် (အထက–၃၊ ဒဂုံ)၏ ခင်ပွန်း၊ ကိုအေးသန်း–မဝါဝါခင်၊ ကိုဇော်ထွန်းဦး–မသန်းသန်းဌေး၊ ဗိုလ်မှူးအောင်ဝင်းထူး–မညီညီခင်၊ ကိုအောင်ကိုကို–မခင်မာချို၊ ကိုကျော်စွာစိုး – မဖြူဖြူခင်၊ ကိုသူရ–မခင်ပုလဲဇာရှု၊ ကိုအောင်မြတ်သူ–မအေးမြတ်စု၊ ကိုသန်းတင့်–မသူသူခင်၊ မမိုမိုခင်၊ မမွန်ရည်ဆွေ၊ ကိုအောင်မင်းသူ–မဖြူသဲလွင်၊ ကိုအောင်ဆန်းလင်း၊ မောင်ဝေယံမင်းအောင်၊ မောင်ထက်မြတ်လင်းတို့၏ဦးလေး၊ မြေး ၁၂ ယောက်တို့၏အဘိုးသည် ၂၄–၆–၂၀၀၄ရက် နံနက် ၁၀း၅၀ နာရီတွင် နှင်းဆီကုန်းအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၆–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူတူ၊တူမများ။

ဦးစိန်ထွန်း
မြို့နယ်လဝကဦးစီးမှူး(ငြိမ်း)
အထက်တန်းရှေ့နေ
(စစ်တွေမြို့)
အသက်(၈၀)

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ တောင်ဖွာနာလမ်းနေ(ဦးရွှေထွန်းအောင်–ဒေါ်မခင်)တို့၏သား၊ (ဦးချင်းဒေါင်း–ဒေါ်မင်းမ)တို့၏သားသမက်၊ ဒေါ်စောညွန့်၏ခင်ပွန်း၊ ဒေါက်တာတင်မိုးဝေ (ပလက်ဝဆေးရုံ)၊ မောင်ဇော်ဦး၊ မခင်မာဝေ(ကြီး/ရေးစီးဘဏ်)၊ (ကိုမျိုးထွန်းလင်း)၊ မလှမိုးဝေ(လ/ထ လဝကမှူး)၊ မဝင်းဝင်းသိန်း(Admin Asitaint BAJ)၊ကျော်စိုးလင်း(A/B Pothitos Shipping Co.,)၊ နုမြစံ(B.Agri. Sc)၊ ဇော်နိုင်ဦး(ဒုနှစ်၊ ရူပဗေဒ)၊ စောအောင်သိန်း(BC. Tech)၊ ကျော်မျိုးလင်း(ITC)၊ ထွန်းထွန်းကျော်(ဒုနှစ်၊ ရူပဗေဒ)၊ အေးခိုင်ဇံ(3rd MB၊ မကွေးဆေးတက္ကသိုလ်)၊ မောင်ကောင်းထက်ဖြိုး (ဒုနှစ်၊ စစ်တက္ကသိုလ်)၊ ချမ်းငြိမ်းစံ၊ ဆုလှိုင်သွေ (၁၀တန်း၊ အထက–၂)၊ ဝင်းယုယုအောင်၊ထက်မြက်အောင်တို့၏အဘိုးရှင်သည် ၂၄–၆–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၈း၂၅ နာရီတွင်ကွယ်လွန်သွားပါဖြင့် ၂၅–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမြေးတစ်စု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးကျော်စိုး
(သံလွင်စတိုး၊သံလွင်အမြန်ယာဉ်)
ကန်ထရိုက်တာ
အသက်(၇၂)နှစ်

ပဲခူးတိုင်း၊ဒိုက်ဦးမြို့နယ်၊ပေါက်တပင်ကျေးရွာနေ (ဦးဉာဏ်–ဒေါ်စောမြ)တို့၏သား၊ အမှတ် ၇၁၊ သုနန္ဒာလမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်စီ၏ခင်ပွန်း၊ ပဲခူးတိုင်း၊ပေါက်တပင်ကျေးရွာနေ ဦးရီ၏ညီ၊ ဖောင်တော်သီမြို့နေ(ဦးကျော်သိန်း)–ဒေါ်အေးမြိုင်၊ ရန်ကုန်မြို့နေ ဦးသန်းညွန့်၊ ဦးကျင်သန်းတို့၏ညီ၊ ပေါက်တပင်ရွာနေ ဦးမြသန်း–ဒေါ်ပုံတို့၏အစ်ကို၊ ကိုအောင်ရွှေ–မအေးသန်း၊ ကိုမြဌေးအောင်–မသန်းသန်းခိုင်၊ကိုကြီးမြင့်–မဝင်းဝင်းခိုင်၊ကိုစန်းလွင်–မထွေးသိန်း၊ ကိုအောင်အောင်–မတူးတူး၊ ကိုသိန်းဝင်း–မတင်တင်လှိုင်၊ ကိုသိန်းဇော်လင်း – မသီတာဝင်းတို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၂–၆–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၆–၆–၂၀၀၄ရက် (စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသိန်းမောင်
(အငြိမ်းစား/ရဲအုပ်)
အသက်(၆၅)နှစ်

မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်၊ ချောင်းခြားစုရွာနေ (ဦးကျော်မြိုင်–ဒေါ်အေးတင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးဘသန်း–ဒေါ်လှရွှေ)တို့၏သားသမက်၊ ဒေါ်ခင်စန်းနွယ်၏ခင်ပွန်း၊ ဦးထွန်းရှင်၏ညီ၊ ဦးညီတင်၊ ဒေါ်ရွှေစိန်တို့၏အစ်ကို၊ မင်္ဂလာဒုံ မြို့နယ်၊ (၃)(ခ)ရပ်ကွက်၊ ၉ လမ်း၊ အမှတ် ၃ နေ မလှလှငွေး၊ မခင်သန်းအေး(နရခ–ရေး–၂)၊ မောင်ဝင်းခိုင် (Eastwind Shipmanagement Pte., Ltd.)–မစန်းစန်းငြိမ်း(ကကဌေ)၊ မောင်သန်းနိုင် (ဒု–စုံစမ်းရေးမှူး၊ မုံရွာ)–မမျိုးမမ၊ ဗိုလ်ကြီးအေးသန်း(ဘဏ္ဍာ/အခွန်)၊ မလှလှကျင်တို့၏ဖခင်၊ မောင်အာကာပြည့်ဖြိုး၏အဘိုးသည် ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅–၆–၂၀၀၄ရက်(သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

လက်တွဲ ဝန်းရံ အမျိုးသား ညီလာခံ

ဆက်သွယ်ရေးစီမံကိန်းအဆင့်(၂)ဆောင်ရွက်ရန် သဘောတူကန်ထရိုက်စာချုပ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် **Alcatel Shanghai Bell Co., Ltd.** မှ ဒုတိယဥက္ကဋ္ဌ **(Senior Vice President) Mr. Joe Tao ZHOU** တို့က လက်မှတ်ရေးထိုးကြစဉ်နှင့် တက်ရောက်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆက်သွယ်ရေးစီမံကိန်းအဆင့်(၂)ဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုး ရန်ကုန်နှင့်နယ်မြို့များ၌ တယ်လီဖုန်းတပ်ဆင်ခြင်းနှင့်ဆက်ကြောင်းများတည်ဆောက်မည်

ရန်ကုန် ဇွန် ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက သက်သာသောအတိုးနှုန်းဖြင့် ချေးငွေနှင့်ဆောင်ရွက်မည့် ဆက်သွယ်ရေးစီမံကိန်းအဆင့်(၂)အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တို့ ချုပ်ဆိုမည့် The Subsidiary Loan Agreement စာချုပ်နှင့် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Alcatel Shanghai Bell Co.,Ltd. တို့ **စာမျက်နှာ ၆ ကော်လံ ၁** ●

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မှတ်သားဖွယ်မိုးရေချိန်

၂၄-၆-၂၀၀၄

မင်္ဂလာဒုံ	၄ ဒသမ ၅၃ လက်မ
ကမ္ဘာအေး	၂ ဒသမ ၇၆ လက်မ
ရန်ကုန်မြို့လယ်	၀ ဒသမ ၈၆ လက်မ

မြန်မာ-ဂျပန်မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဇူလိုင် ၁၀ရက်နှင့် ၁၁ရက်၌ သူနိုင်ကိုယ်နိုင်အပြိုင်နွဲကြမည်

ရွှေဆိုင်း

မစ်ဒယ်ဝိတ်တန်းတွင် ဂျပန်မှ ယိုရှီတိုရိုနီမီနှင့် ထိုးသတ်မည့် မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံ ရွှေဆိုင်း (ဇာနည် မောင် ကလပ်-မြိုင်ကြီးငူ)၏ အောင်မြင်မှုအပြုံး။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

မစ်ဒယ်ဝိတ်တန်းတွင်မြန်မာလက်ဝှေ့ကျော် ရွှေဆိုင်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဂျပန်လက်ဝှေ့ကျော် ယိုရှီတိုရိုနီမီ။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၄

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်တို့ကကြီးမှူးကျင်းပသည့် (မြန်မာ-ဂျပန်)မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀နာရီက စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ ပလေးဘွိုင်စားသောက်ဆိုင်၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူးဦးဉာဏ်ထွန်း(အား/ကာပြန်ကြားရေး)၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ သီဟသုဓမ္မသီရိသုဓမ္မသိင်္ဂီ ဒေါ်မိမိခင် တို့က ပြိုင်ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီးပြိုင်ပွဲနှင့်ပတ်သက်၍ ဦးဝင်းဇော်ဦးနှင့် ဦးစိုးသန်းဝင်းတို့က ရှင်းလင်းပြောကြားကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❐

ကမ္ဘာတစ်လွှား ထူး ထူး ခြား ခြား

အပူပိုင်းဒေသမှ အဆိပ်ပြင်းသော ပင့်ကူနက်

အပူပိုင်းဒေသသစ်တောများတွင် တွေ့ရှိရသော ပင့်ကူနက်သည် အလွန်တရာ အဆိပ်ပြင်းသော ပင့်ကူမျိုးဖြစ်သည်။ (**အပေါ်ပုံ**)

အဆိုပါပင့်ကူနက်သည် ဆူပါမတ်ကက်တစ်ခုက ဝယ်ထားခဲ့သော ငှက်ပျောသီးအိတ်အတွင်းမှ ခုန်ထွက်လာပြီး ကံခေသော ဗြိတိသျှဈေးသည်တစ်ဦး၏ လက်ကို ကိုက်လိုက်ရာ ထိုလူမှာ ပင့်ကူဆိပ်ကြောင့် သူ၏ လက်ရောင်ကိုင်းလာသဖြင့် ဆေးရုံတက်ကုလိုက်ရသည်။

(ဓာတ်ပုံ-အင်တာနက်)

လဗိမာန်သို့မလွှတ်ဖြစ်ခဲ့သည့် အပိုလို ၁၈

၁၉၇၂ခုနှစ် ဒီဇင်ဘာလက အပိုလို ၁၇ ဒုံးပျံယာဉ်ကို လကမ္ဘာသို့ လွှတ်တင်ခဲ့ပြီးနောက် အပိုလို ၁၈ (**အောက်ပုံ**)ကို လဗိမာန်သို့လွှတ်တင်မည့်အစီအစဉ်ကို နာဆာက ဖျက်သိမ်းခဲ့သည်။

ယခုအခါ အဆိုပါ ဒုံးပျံယာဉ်ကို အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဂျွန်ဆင်အာကာသစခန်း၌ အမိုးအကာများ တည်ဆောက်၍ ပြခန်းအဖြစ် ထိန်းသိမ်းထားမည်ဟု သိရသည်။ **(ဓာတ်ပုံ-အင်တာနက်)**



ယူရို ၂၀၀၄ ကွာတားဖိုင်နယ်ပွဲစဉ်သုံးသပ်ချက်

ဗီဒန်းအစွမ်းကြောင့်အေသင်သားတို့ မျက်ရည်စို့လေမလား လက်ရှိချန်ပီယံပြင်သစ်ကြက်ဖ ဆီမီးအလင်းရောင်မြင်ရဖို့နီး

ကိုထွေး - သုံးသပ်တင်ပြသည်

ရန်ကုန် ဇွန် ၂၄

ယူရို ၂၀၀၄ဘောလုံးပြိုင်ပွဲကြီး အုပ်စုပွဲစဉ်များပြီးဆုံးကာ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားလျက် ရှိကြသည်။ နာမည်ကြီးအသင်းများဖြစ်ကြသော ဂျာမနီ၊အီတလီနှင့်စပိန်တို့ အိမ်ပြန်စောခဲ့ကြသော်လည်း ကွာတားဖိုင်နယ်ပွဲစဉ်များသည် ဘောလုံးဝါသနာရှင်များ၏ အာရုံကို ဖမ်းစားထားနိုင်ဆဲဖြစ်သည်။ ကွာတားဖိုင်နယ်တက်လာသောအသင်းတိုင်း ခြေစွမ်းထက်ကြသည်ဖြစ်ရာ အိပ်ရေးပျက်ခံရကျိုးနပ်မည့်ပွဲကောင်းများပင်ဖြစ်သည်။ **စာမျက်နှာ ၁၃ ကော်လံ ၁** ☆